
www.burmeseclassic.com



ငါတို့
ရပ်ကွက်ထဲက

မမြစိမ်း

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၆၅၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၀၆၀၂၀၉

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ၂၀၀၉၊ မတ်လ

**ထုတ်ဝေသူ**

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**

အာကာ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဒေါ်မေသက်ခိုင်

(ပြည့်စုံပုံနှိပ်တိုက်)

**အုပ်ရေ**

၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅-၈၃

**ပဉ္စမံဒီရိုင်း**

ငါတို့ရပ်ကွက်ထဲက မဖြစ်စိမ်း/ပဉ္စမံဒီရိုင်း-ရန်ကုန်၊ ငါတို့စာပေ။ ၂၀၀၉။

၁၃ စင်တီမီတာ X ၂၁ စင်တီမီတာ

www.burmeseclassic.com

ဟာသလုံးချင်းဝတ္ထုသစ်

# ငါတို့ရပ်ကွက်ထဲက မမြခိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထုကို စာရေးသူကိုယ်တိုင်
နှတ်ပူးပြီး ရေးသားထားခြင်း
ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောလိဝုဒ်တွင်
နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ
နာမည်ကြီးလျှင် ထိုဇာတ်ကားများအား
ဟာသပုံစံမျိုးဖြင့် ပြန်လည်ရိုက်ကူးသော
ရုပ်ရှင်ဇာတ်ကားများ ရှိပါသည်။
ဥပမာ - *Hot Shot (I)(II)* ဇာတ်ကားများလည်း
ပါဝင်ပါသည်။
ယခုဝတ္ထုသည်လည်း နာမည်ကြီးနေသည့်
တစ္ဆေ၊ သရဲဝတ္ထုတို့ကို ဟာသဖြစ်အောင်
ပြန်လည်ရေးသားထားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဆိုတာ

အကြောင်းအရာတွေ

စုပုံထားတဲ့

တောင်တန်းကြီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

## ဆယ်အိမ်မှူးဟောင်း ကိုမြသီး၏ ပြောပြချက်

'ငါတို့ ဆယ်ငယ်တုန်းက အမေ၊ မိဘ လူကြီးသူမတွေက ပြောဖူးတယ်၊ ကိုယ့်ထက် စကားအပြောအဆိုရှိင်တဲ့ သူမျိုးနဲ့ ပြိုင်ပြီး မရှိင်းရဘူးတဲ့'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊သူက နှုတ်မစောင့်၊ ပါးစပ်မစောင့် အယုတ္တ၊ အနုတ္တတွေကုန်အောင် အော်ဟစ်ဆဲဆိုတာ ကိုယ်က သူ့လို ယှဉ်ပြီး လုပ်ရင် ကိုယ်ပါ ရိုင်းသွားမှာပေါ့'

'ဒါလည်း ဟုတ်တာပဲ၊ ကိုယ်တွေ့ရှိခဲ့လို့လား'

'ရှိတာပေါ့ကွာ၊ ကိုယ်က မယုံလို့ ရန်သွားဖြစ်မိပါရဲ့၊ ကိုယ့် အိမ်ရှေ့ကိုလာပြီး မနက်မိုးလင်းကတည်းက နေ့လယ်အထိ



www.burmeseclassic.com

www.burmeseclassic.com



အယုတ္တအနတ္တစုံအောင်ပြောပြီး စိန်ခေါ်တာ နှစ်ရက်ဆက်ပဲ'

'အဲဒီတော့ ဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ၊ တစ်ရက်တော့ ကိစ္စမရှိဘူး၊ နောက်ရက်ကျတော့ ကိုယ်က သူ့ကို တုပပြီး ရန်လည်းမဖြစ်နိုင်၊ ပတ်ဝန်းကျင်ကလည်း ဝိုင်းကြည့်ဆိုတော့ နောက်ဆုံး ငါလည်း ဆယ်အိမ်မှူးတစ်ယောက်ဖြစ်ပြီး ဒီလိုမျိုး ပါးစပ်ကြမ်းသူနဲ့ ယှဉ်ပြီး ရန်ဖြစ်ရမလားဆိုပြီး ဆယ်အိမ်မှူးဘဝက ရပ်ဆိုင်းခဲ့ရတယ်လေ'

'ဒါနဲ့ အဲဒီ အယုတ္တ၊ အနတ္တကမ်းကုန်အောင် ဆဲဆိုတယ်ဆိုပြီး ရန်ဖြစ်တာက ဘယ်သူလဲ'

**'အရက်ဆိုင်စောင့် မမြစိမ်းလေ'**

* * *

www.burmeseclassic.com

www.burmeseclassic.com

ပခုံးချင်းတိုက်တဲ့

သူတွေများလာရင်

လူ့ဘဝကြီးဟာ

နေသာထိုင်သာ ဘယ်ရှိပါ့မလဲ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## မုန့်ဟင်းခါးသည် ဒေါ်ဘုမ၏ ပြောပြချက်

'ကျုပ်ရဲ့ ဆုံးသွားတဲ့ယောကျ်ား ကိုတင်မောင်နဲ့ ရည်းစား ဖြစ်ခါစကဆို ကိုတင်မောင်က ကျုပ်ကို ဘယ်တော့မှ အင်္ကျီ အစိမ်းရောင် မဝတ်နိုင်းဘူး၊ စိမ်းကားတဲ့သဘော သက်ရောက်လို့တဲ့၊ အဲဒီလောက် ကဗျာဆန်တာ'

'ဒါဆို… အဒေါ်က အစိမ်းရောင် မဝတ်ဘူးပေါ့'

'အို… ဘယ်ရမလဲ၊ သူသေတော့မှာ ဝတ်တာပေါ့၊ အဲဒီမှာ တင်…'

'အဲဒီမှာတင်… ဘာဖြစ်လဲ အဒေါ်'

'နေဦး ပြောမယ်၊ မုန့်ဟင်းခါး ရေထိုးလိုက်ဦးမယ်'

'ဒီလိုဟေ့… ကျုပ်က အစိမ်းရောင် ဝမ်းဆက်ဝတ်ပြီး ဈေးရောင်းတယ်၊ အဲဒါကို ကျုပ်အသက်အရွယ် မကြီးမငယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် ဝတ်ရမလားဆိုပြီး ကျုပ်ဆိုင်မှာလည်း မုန့်ဟင်းခါး အကြွေး ခဏခဏစားတယ်၊ ကျုပ်ကိုလည်း ဝေဖန်သေးတယ်၊ ဒီကောင်မက ဘာမို့လို့လဲဆိုပြီး ဘယ်ရမလဲ ကျုပ်ရန်တွေ့တာပေါ့၊ သင်းကလည်း ဘာရမလဲ၊ နဂိုကတည်းက နှုတ်သီးကောင်းလှျာပါးဆိုတော့၊ ပြောမပြချင်ဘူး၊ ဆိုင်ရှေ့မှာ လူကို အုံနေတာပဲ'

'အဲဒေါ့ ဓာတ်လမ်းက စိတ်ဝင်စားဖို့ ကောင်းနေပြီ'

'စိတ်ဝင်စားဖို့ထင် ဘယ်ရမလဲ၊ ရပ်ကွက်ရုံးရောက်ပါရောလား၊ အဲဒီတော့မှ ရပ်ကွက်ဥက္ကဋ္ဌက ဖြစ်ကြောင်းကုန်စင်မေးတော့တာပေါ့'

'အဲဒီလိုမေးတော့…'

'အဲဒီလို့ မေးတော့မှ သင်းက ဘာပြောသလဲဆို၊ ဒီလို အစိမ်းရောင်ဝမ်းဆက်မျိုးက သူများဝတ်လို့ မလှဘူး၊ သူဝတ်မှလှတာတဲ့လေ… ဥက္ကဋ္ဌရော၊ ရုံးကလူတွေရော ကျုပ်နဲ့ရယ်လိုက်ရတာဆိုတာ'

'နေပါဦး… အဲဒီ အစိမ်းရောင် ဝမ်းဆက်ဝတ်မှ လှတယ်ဆိုတာ ဘယ်သူလဲ'

**'မမြစိမ်းလေ အရက်ဆိုင်စောင့် မမြစိမ်းပေါ့'**

* * *



www.burmeseclassic.com

www.burmeseclassic.com



သံသရာအကြွေးကို

မကြောက်သူမို့

သံသရာထဲမှာ

တစ်လည်လည်နဲ့

အတိုးရောအရင်းပါ

ဆပ် ဆပ်လို့မကုန်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

## ငွေးချိုကုန်းရွာမှလာပြီး ရပ်ကွက်ထဲအိမ်သာကျင်းတူးသူ ကိုသံချောင်း၏ ပြောပြချက်

'အိမ်ရှေ့မှာ ဆိုင်းဘုတ်ချိတ်ထားတာက ဘာတွေရေးထားတာလဲ'

'အိမ်သာတွင်းတူးလျှင် အကြွေးမရပါ၊ လက်ငင်းမှတူးမည် ဆိုတဲ့ စာသားပါ'

'ဘာလဲ… အိမ်သာတွင်းတူးတာတောင် အကြွေးကျလို့လား'

'ဟုတ်တယ်… ဒီလောက် နိမ့်ကျတဲ့ အလုပ်ကို မရွံမရှာ လုပ်ပေးတာတောင် အကြွေး မပေးချင်ကြဘူး…'

'ပြောပြလို့ ရမလား'

'သိပ်ပြောပြချင် ရင်ဖွင့်ချင်တာပေါ့ဗျာ…'



www.burmeseclassic.com

www.burmeseclassic.com



'လုပ်စမ်းပါဦး'

'ဒီရပ်ကွက်က အိမ်သာကျင်းတူးရင် အတော်တူးရတာ၊ မြေ ပျော့တော့ ရေထွက်တယ်၊ အဲဒါ… တစ်နေ့လုံး စိတ်ရှည်ရှည်နဲ့တူးရတာ၊ အားလုံးလည်း ပြီးပြီဆိုရော အကြွေးတဲ့၊ ဒါနဲ့… ကျွန်တော်လည်း အကြွေးတော့ မလုပ်ပါနဲ့ တစ်ဝက်တော့ အရင်ပေးပါဆိုပြီးပြောတော့၊ နောက်နေ့လာယူတဲ့၊ နောက်နေ့ သွားတောင်းတော့လည်း နောက်နေ့တဲ့… အခုထိ ပိုက်ဆံမရဘူး…၊ ဒါနဲ့… နောက်တစ်ခါ ဒါမျိုးလာလုပ်ခိုင်းလို့ကတော့ ဆိုပြီး ပြောခဲ့တယ်၊ ဘယ်နှယ့်ဗျာ၊ မရှိလို့ ရှာကနေလာပြီး အိမ်သာကျင်းတူးတဲ့ အလုပ်ကို လုပ်ပါတယ်၊ အကြွေးဆိုပြီးတော့ မပေးဘဲ၊ ကျွန်တော်တူးတဲ့တွင်းမှာ ကိုယ့်စွန့်ပစ်ပစ္စည်းရောက်နေတာ ဒင်းမို့လို့… မရှက်ဘူးတယ်'

'နေပါဦး၊ အိမ်သာကျင်းတူးပြီး အကြွေးမပေးတာ ဘယ်သူလဲ'

**'ဘယ်သူရမှာလဲ မြစိမ်းလေ၊ အရက်ဆိုင်စောင့် မမြစိမ်း၊ မမြစိမ်း အတွက် ရေးထားတာ'**

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဖွင့်ဆိုရှင်းလင်းချက်

တကယ်တော့ ဒီအကြောင်းအရာဟာ
အရက်ဆိုင်စောင့် မမြစိမ်းအကြောင်း
ရပ်ကွက်သူ ရပ်ကွက်သားများက
ပိုင်းပြောဆိုကြတာတွေ အများကြီးထဲက
အဖြစ်အပျက်ကောင်းနိုးရာရာတွေကို
ပြန်လည်တင်ပြထားခြင်း ဖြစ်ပါတယ်
လူနာမည်တွေ အကြောင်းအရာတွေ
အားလုံး အမှန်အတိုင်းရေးထားခြင်း ဖြစ်ပါတယ်။
ဖတ်နေရင်းနဲ့ ကိုယ့်ပတ်ဝန်းကျင်ကလူတွေနဲ့
တူတယ်လို့တွေးမိရင်း ပြုံးမိလျှင်ဖြင့်
ဒီဝတ္ထုဖန်းတီးရကျိုးနပ်ပါတယ်ဟု ယူဆပါရစေ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ

မရှိနိုင်တဲ့ ယဉ်ကျေးမှုက

ကမ္ဘာဦးမှ

ယနေ့တိုင်

အတင်းပြောခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

တကယ်တမ်းတွင် ရပ်ကွက်ထဲမှ ဘွန်ဗွာအော်သူ ကိုလှဝင်းက စကားဝိုင်းသို့ နောက်ဆုံးမှရောက်လာပြီး ဝင်ရောက် အတင်းပြောသူ ဖြစ်သည်။

ရပ်ကွက်ထန်းရည်ဆိုင်အတွင်း ကွပ်ပျစ်ပေါ်၌ ထန်းရည်သောက်ရင်း အတင်းဝိုင်းဖွဲ့ ပြောဆိုနေကြသူများထဲတွင် အိမ်ပွဲစားတစ်ဦး၊ ဆိုင်းလူရွှင်တော်တစ်ယောက်၊ ယီရောင်းသူတစ်ဦး၊ ဈေးထုံခြုံရေးတစ်ယောက်နှင့် အရန်မီးသတ်အငြိမ်းစားတစ်ဦးတို့ ပါဝင်ပါသည်။

'ခင်ဗျားတို့ မိန်းမတစ်ယောက် ရှိမယ်ဗျာ၊ အဲဒီမိန်းမက နှုတ်ကြမ်း အာကြမ်းနဲ့ဗျာ၊ အဲဒီလို မိန်းမမျိုးနဲ့ ဘုန်ဖြစ်ဖူးသလား'



www.burmeseclassic.com

www.burmeseclassic.com



ဘွန္တောအော်သူကိုလှဝင်းက ထန်းရည်တစ်ခွက်ကို ရေသောက်သလို မော့ချကာ ပဲကြီးလှော်အနည်းငယ်ကို ပါးစပ်ထဲပစ်ထည့်ပြီး မပီမသ ဗလုံးဗထွေး အသံကြီးနှင့်မေးသည်။

ထန်းရည်ဝိုင်းရှိ လူအသီးသီးက ကိုယ်တိုင်ရန်ဖြစ်ခဲ့ဖူးသည့်အကြောင်း သို့မဟုတ် ကိုယ်တွေ့မြင်ခဲ့ရသော အကြောင်းတို့ကို မညီမညာ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြပါတော့သည်။

အရန့်မီးသတ် အငြိမ်းစားကတော့ ဘာဆိုဘာမျှ မပြောဘဲ ထန်းရည်ကိုသာ ဖိသောက်ပြီး အခြားလူတွေပြောသမျှကို နားထောင်လိုက် အပေါ့ခဏခဏသွားလိုက်နှင့် အလုပ်ရှုပ်လို့နေသည်။

အားလုံးပြောဆိုပြီးစီးသွားသောအခါ အရန့်မီးသတ်အငြိမ်းစားကို ဈေးလုံခြုံရေးက မေးလိုက်သည်။

'ဟော့လူ… ထန်းရည်တွေ သောက်လိုက်၊ အပေါ့သွားလိုက်နဲ့ ခင်ဗျားရဲ့ အတွေ့အကြုံပဲ ကျန်တော့တယ်'

'ဟုတ်တယ်… ခင်ဗျားက ဒီရပ်ကွက်မှာ အရန့်မီးသတ်အဖြစ် တာဝန်ထမ်းဆောင်လာတာ၊ အခုလို အသက်ကြီးပြီး အငြိမ်းစားယူတဲ့ထိအောင်ဆိုတော့ ကျုပ်တို့တွေထက်ကို ကြုံဖူး၊ ဆုံဖူးမှာပေါ့၊ ရပ်ကွက်ထဲက ပြဿနာတွေကို ရပ်ကွက်ရုံးမှာ ကြားရ၊ မြင်ရတာတွေ ရှိမှာ၊ ဒီတော့ နားထောင်ရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ထိရောင်းသူက မိုက်ကာရိုဖုန်းကိုင်ပြီး ထိရောင်းသည့် လေသံမျိုးနှင့် ပြောပြန်သည်။

'မပြောချင်ဘူးဗျာ'

အရန်မီးသတ် အငြိမ်းစားက ခေါင်းခါပြပေမယ့် ဘွန်အော်သူက...

'ဘာလဲ လေကုန်မှာ စိုးလို့လား၊ မပူနဲ့၊ ထန်းရည်ဆက်တိုက်မယ်၊ ပြောမှာသာ ပြော'

အရန်မီးသတ်အငြိမ်းစား မျက်နှာမှာ ဘွန်အော်သူစကားကြောင့် ရှေ့ထုပ်ကောက်ရှုသလိုမျိုး မျက်နှာ ဝင်းလက်သွားသည်။

'ကျုပ်က ဒီရပ်ကွက် စတည်ကတည်းက နေလာတာဆိုတော့ စောစောက ခင်ဗျားတို့ ပြောဆိုကြတဲ့ မိန်းမတစ်ယောက်ရှိမယ်၊ အဲဒီမိန်းမက နတ်ကြမ်း၊ အာကြမ်းနဲ့ ရန်ဖြစ်ဖူးသလားဆိုတဲ့ကိစ္စမှာ ကျုပ်ကြုံဖူးတာသာ ပြောရရင် ခင်ဗျားတို့ ဟဲ... ဟင်... ဖြစ်ကုန်မယ်၊ ဒီအထဲမှာ ရယ်စရာလည်းပါတယ်၊ သံဝေဂရစရာလည်းပါတယ်၊ အို... အစုံပဲ ပေါ့ဗျာ'

အရန်မီးသတ် အငြိမ်းစားက ထန်းရည်တစ်ခွက် မော့သောက်ပြန်သည်။

'ဒါဆို... မြန်မာဗီဒီယို ဇာတ်ကားတွေထဲက ရန်ဖြစ်တာနဲ့

www.burmeseclassic.com



ဘယ်ဟာ သာလဲ'

အိမ်ပွဲစား၏ အမေးစကားကို နားထောင်ရင်း အရန်မီးသတ် အငြိမ်းစားက ပြုံးလိုက်ပြီး…

'အဲဒါလောက်တော့ ပျင်းတောင် ပျင်းသေးတယ် ပြောရမှာပဲ၊ ကျုပ်ပြောမယ့်လူက ခင်ဗျားတို့ နားထဲမှာ ကြားဖူးသား ဖြစ်မှာပါ'

'ဒါဖြင့် ဘယ်သူလဲ၊ ပြောပါဦး'

ဈေးလုံခြုံရေးက သိချင်ဇောဖြင့် မေးပြန်ပါသည်။

အရန်မီးသတ် အငြိမ်းစားက ထန်းရည်အသောက်များသွားသဖြင့် လေချဉ်တစ်ချက် တက်လိုက်ရင်းမှ ပီသကြည်မြသော အသံဖြင့် တစ်လုံးချင်း ပြောချလိုက်ပါသည်။

**'မမြစိမ်းလေ… အရက်ဆိုင်စောင့် မမြစိမ်းပေါ့'**

* * *



www.burmeseclassic.com

www.burmeseclassic.com

ရန်မပြစ်ခင်

မုန်ကြည်သူ့

ဘယ်လောက်များများ ရှိလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

*ဖက်စပ်(၁)လမ်း....*

*လမ်းရှိလူဦးရေ (၂၀၀)ယောက်*

*အိန္ဒိယလူမျိုး (၁၀၀)ယောက်*

*တရုတ်လူမျိုး (၅၀)ယောက်*

*မြန်မာ (၅၀)ယောက်*

ဤလမ်းကို မည်သူက ကိုယ့်ထမင်း ကိုယ်စားပြီး ဖက်စပ် (၁) လမ်းဟု နာမည်ပေးသွားသလဲ မသိပါ။ အသေအချာ ပြန်တွေး ကြည့်တော့ ဟုတ်နေသလိုလို ရှိသဖြင့် ပြောရသူအပေါင်းက ပြုံးမိကြပါသည်။

နာမည်ပေးရသည့် အကြောင်းကလည်း ကြည့်ဦးလေ..

လမ်းထဲမှာ အိန္ဒိယနွယ်ဖွားတွေများပြီး ဟိန္ဒူဘာသာ၊



www.burmeseclassic.com

www.burmeseclassic.com



အစွလမ်ဘာသာ ကိုးကွယ်ကြသည်။ စီးပွားရေးလုပ်ငန်းကောင်းသဖြင့် တိုက်တာ ခြံဝင်းတွေနှင့် ဖုန်းနှင့်စလောင်းနှင့်ဆိုတာမျိုးဖြစ်သည်။ ထို့အပြင် တရုပ်လူမျိုးများကလည်း အိမ်တွင်းစီးပွားရေးလုပ်ငန်းကို လမ်းထဲမှာပဲ လုပ်ကိုင်ကြသည်။ မြန်မာတွေကလည်း နေထိုင်ကြသဖြင့် လူမျိုးချင်းရောနှောကာ အနေနီးစပ်ပြီး အိမ်ထောင်ကျကုန်ကြတာလည်း ရှိသည်။

ဤသို့ဖြင့် ဖက်စပ် (၁) လမ်းဟု အမည်တွင်လာခြင်းဖြစ်သည်။

ရပ်ကွက်ထဲမှာတော့ ဤလမ်းကို အချမ်းသာဆုံးလမ်းဟု သတ်မှတ်ထားကြသည်။ ဘာသာရေးပွဲတော်ရက်တွေမှာ အိန္ဒိယလူမျိုးကလည်း သူ့ခလေ့ ကိုးကွယ်မှုအလျောက် လှူသည်။

တရုတ်လူမျိုးကလည်း ထိုအတိုင်းပင်။ မြန်မာလူမျိုး နေထိုင်သူတွေကလည်း ကိုယ့်ရိုးရာ ယုံကြည်မှုနှင့်အတူ ကိုယ်လှူသည်။

သေချာသည့် အချက်ကတော့ သူတစ်ပါး ဒုက္ခရောက်လျှင် မနေနိုင်ဘဲ ကူညီသည့်အချက်ပင် ဖြစ်သည်။

ထိုအချက်ကပင် အတော့်ကို အခြားရပ်ကွက်သူ 'ရပ်ကွက်သားများအဖို့ အားကျစရာကောင်းနေခြင်းပင် ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချစ်စရာကောင်းသည့် ဖက်စပ်(၁)လမ်းမှာ မထင်မှတ်ပါဘဲ တစ်နေ့မှာတော့ ပြောစမှတ်တွင်စရာ အကြောင်းအရာ တစ်ခု ဖြစ်ပွားခဲ့ပါသည်။

ထိုအကြောင်းအရာကတော့ ...

ထိုနေ့က ဖက်စပ်(၁)လမ်း၏ လမ်းညာဘက်ထိပ်ရှိ ဦးမူဆွတ်တို့တိုက်အိမ်မှာ ကလေးမွေးနေ့အတွက် ကျွေးမွေးဖို့ ချက်ကြပြုတ်ကြ လုပ်ကြသည်။ ဒံပေါက်ချက်မှာမို့ အားလုံးလုပ်ကြ ကိုင်ကြနှင့် ဆူသံညံသံ စကားပြောသံများဖြင့် ရှိလို့နေသည်။

ဖက်စပ်(၁) လမ်း၏ ဘယ်ဘက်အခြမ်းရှိ လမ်းထိပ်တိုက်အိမ်မှာ ဦးအီဖောင်တို့ အိမ်ဖြစ်သည်။ ဦးအီဖောင်တို့ကလည်း မျိုးနှင့်ရိုးနှင့်ချမ်းသာသော တရုတ်လူမျိုးများဖြစ်သည်။ ဦးအီဖောင်က လမ်းထဲမှာ နည်းနည်းတော့ ထူးခြားသည်။ လမ်းထဲက လူတွေနှင့်စကားသိပ်မပြော၊ အမြဲတမ်း ခြံတံခါးကို ဂိတ်ထားလေ့ရှိသည်။

သားလူပျိုပေါက် နှစ်ယောက်ရှိသည်။ ထိုသား လူပျိုနှစ်ယောက်ကိုလည်း လမ်းထဲက လူငယ်တွေနှင့် လုံးဝ မပေါင်းခိုင်း၊ သားတွေကလည်း ဖခင်စကားနားထောင်ရှာပါသည်။ အဖေဖြစ်သူ မလစ်နှင့်... လစ်တာနှင့်လမ်းထဲမှ လူငယ်နှစ်ယောက် သုံးယောက်ကို ခေါ်ပြီး ဘီယာဆိုင်သွားတာ။ ညဘက် ဦးအီဖောင် ကောင်းကောင်း အိပ်မောကျချိန်ရောက်မှ အိမ်တံခါးကိုဖွင့် အပြင်ကပြန်လာသော့ခတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


ကာရာအိုကေတို့၊ အနှိပ်ခန်းတို့ကို လမ်းထဲက လူငယ်တချို့နှင့် ခြေစကြာ ဖြန့်ပါတော့သည်။

ဒါကို ဦးအီဖောင်က လုံးဝမသိရ။

ဖြစ်ချင်တော့ ထိုနေ့မနက်ဆယ်နာရီလောက်မှာ ဦးမှုဆွတ်တို့ ဒံပေါက်ချက်ဖို့ခေါ်ထားသော လူတွေက ကြက်သားတွေကို ခုတ်ထစ်ကိုင်တွယ်နေကြသည်။ အခြား မိတ်ဆွေရပ်ကွက်ထဲမှ လူအချို့က လည်း ပန်းကန်ခွက်ယောက် ဆေးသူ ဆေး၊ ငါးပိကြော်ဖို့ ကြက်သွန်နီ ခွာသူခွာနှင့် ရှိနေကြသည်။

ဦးမှုဆွတ်တို့ အိမ်ထဲမှာ သီချင်းသံတွေရော၊ ဦးမှုဆွတ်၏ တစ်ဦးတည်းသော မြေးယောကျ်ားလေး အသက်ခြောက်နှစ်အရွယ် 'ဟာရှင်ဘိုင်'နှင့် သူ့ သူငယ်ချင်းတွေ ဆော့ကစားသံတွေနှင့်အတူ ဝိုင်းလုပ်ကိုင် ကူညီသူအချို့၏စကားသံတွေက ကျယ်လောင်လို့နေပါသည်။

'ကလင်… ကလင်…'

ထိုအချိန်မှာပင် တယ်လီဖုန်းမြည်သဖြင့် ဦးမှုဆွတ်၏ဇနီး ဒေါ်ခါတမာဘီက ဖုန်းကိုင်လိုက်ပါသည်။

'ဟလို… ပြောပါ'

'ဘာပြောတယ်… ကျွန်မတို့အိမ်က ဆူညံနေတာလဲ… အိမ်လို့ မရဘူး၊ ဆူညံတာကိုမှ… မရပ်ရင်.. ရုံးတိုင်မယ် ဟုတ်လား'


www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းထဲမှ ပြောနေသည့် စကားသံကြောင့် အိမ်ထဲမှ ဝိုင်းလုပ်ပေးနေကြသော သူတွေ၏အသံတွေက တိတ်ဆိတ်သွားသည်။ ဒေါ်ခါတမာဘီက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး သူမ မြင်နေရသော လမ်းဘယ်ဘက်ခြမ်းထိပ်က တိုက်အိမ်ကို မျက်စောင်းထိုးပြီး ကြည့်လိုက်သည်။

'ဘာဖြစ်တာလဲ'

ဦးမူဆွတ်က လှမ်းမေးပါသည်။

'ဘာဖြစ်ရမှာလဲ ငါတို့အိမ်မှာ အလှူလုပ်ဖို့ ဝိုင်းလုပ်လို့ဆူနေတာကို ဦးအီဖောင်က ဖုန်းလှမ်းဆက်တယ်၊ သူ့သား နှစ်ယောက် အိပ်နေတာ နိုးမှာစိုးလို့ မဆူပါနဲ့တဲ့၊ ဆူမယ်ဆိုရင် ရုံးတိုင်မယ်တဲ့'

'ဘာပြောတယ်၊ သင်းက... ကိုယ့်ဘာသာကိုယ် အလှူလုပ်တာ၊ သူ့ကို ဒုက္ခပေးနေတာမှ မဟုတ်တာ၊ အခု ဘယ်နှစ်နာရီရှိပြီလဲ၊ ဒါ သက်သက်ကြောတာ၊ မရဘူး ငါဖုန်းပြန်ဆက်မယ်'

ဦးမူဆွတ်က ဒေါသထွက်လာပုံရပါသည်။ တယ်လီဖုန်းပြန်ဆက်ပါသည်။

'ဒီမှာ ဦးအီဖောင်... လူကြီးက လူကြီးစကားပြောပါ၊ ကျုပ်အိမ်မှာ အလှူလုပ်ဖို့ချက်ပြုတ်နေတာ၊ ဒီလောက်တော့ ဆူမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒီအချိန်ဟာ အိပ်ချိန်လား၊ မကျေနပ်ရင် ခင်ဗျားဘာသာ တိုင်ချင်ရာ တိုင်'

ဦးမှူဆွတ် တယ်လီဖုန်းခွက်ကို ပြန်ချပြီး ရေနွေးတစ်ခွက် ကရားထဲ ငှဲ့ပြီးသောက်လိုက်သည်။

'ဘာမှ မဖြစ်ဘူး… ကိုယ့်ဘာသာ လုပ်စရာရှိတာ ဆက်လုပ် ပါ'

ဦးမှူဆွတ်က ထိုသို့ပြောရင်းမှ အိမ်ထဲမှ သူငယ်ချင်းများနှင့် ဆော့နေသော တစ်ဦးတည်းသောသမီးမှ မွေးသည့် တစ်ဦးတည်းသော မြေးယောကျ်ားလေး'ဟာရှင်ဘိုင်'ကို ချစ်ရည်ရွှန်းသော အဘိုးတစ်ဦး အကြည့်မျိုးဖြင့် ကြည့်ပြီး ကြည်နူးသွားတာ စောစောက ဒေါသ တောင် ဘယ်ရောက်သွားမှန်း မသိအောင်ဘဲ ဖြစ်ပါသည်။

*

ဆက်လက်ပြီး ဝိုင်းလုပ်ကိုင်နေကြသော သူတွေ၏ စကားသံ များနှင့် သီချင်းသံတွေက ဦးမှူဆွတ်အိမ်ထဲမှာ ထပ်မံပျံ့လွင့်နေပါ တော့သည်။

ထိုစဉ်မှာပဲ…

'ဟိ… ဦးမှူဆွတ်… တူသံ ညံသံတွေ နင် ဘာဖြစ်လို့ မရပ် တာလဲ… ဒါ… ငါ့ကို ရှုတာလား'



www.burmeseclassic.com

www.burmeseclassic.com



ဦးမှုဆွတ်တို့အိမ်ရှေ့ကနေ ဦးအီဖောင်က ခါးထောက်ထားရင်း မှ ဒေါသတကြီး အော်ပြောနေပါသည်။

'ဘာကိုမှ ကျုပ်မရှဲ့ဘူး… ကျုပ်တို့ဘာသာ ကျုပ်တို့ အလှူ ချက်ကြပြုတ်ကြဖို့လုပ်ရင်း စကားပြောတာ အပြစ်လား အလှူ့အိမ်ဗျ၊ ရိပ်သာ မဟုတ်ဘူး'

ဦးမှုဆွတ်လည်း အိမ်ထဲက ထွက်လာရင်း အော်ပြောပါသည်။ ဝိုင်းလုပ်နေကြသော သူများကလည်း ဘာဆက်ဖြစ်မလဲဆိုသည့် အကြည့်မျိုးနှင့် ကြည့်နေကြပါသည်။

'ရိပ်သာတွေ ဘာတွေ ဝ,နားမလည်ဘူး၊ အီမှာ ဝ,သား လူလိမ္မာလေးနှစ်ယောက် အိပ်နေတာ အိပ်ရေးပျက်တယ်၊ ဒါကြောင့် ဖခင်တီဦးအနေနဲ့ လာပြောတာ၊ ငါ့သားတွေဟာ မိဘစကားနားထောင်တဲ့ လူလိမ္မာလေးတွေလေ၊ ဒါကြောင့် ဆူတာ ညံတာ အီသံလျှော့ပါ မလျှော့ရင်တော့ ဝ,ရုံးတိုင် မယ်'

ဦးအဖောင်၏ အမိန့်ပေး စကားသံအဆုံးမှာဘဲ မထင်မှတ် သည့် အဖြစ်အပျက်က ဖြစ်လာပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



အိမ်နောက်ဖေးမှာ ကြက်သား ခုတ်ထစ်နေသူများကို ဝိုင်းကူညီပေးနေသော လမ်းဘေးအထည်အဝတ်ပုံမှ တစ်ထည်လျှင် ငါးရာလောက်သာ ပေးရမည့် အစိမ်းရောင် တီရှပ်ပွပွကြီးကို ဝတ်ဆင်ထားပြီး ထဘီကို တိုတိုဝတ်ထားသည့် အမျိုးသမီးတစ်ဦးက အိမ်ရှေ့သို့ ပြေးထွက်လာပါသည်။

အိမ်ရှေ့လည်း ရောက်သည့်အခါ ဒေါသထွက်သော အကြည့်ဖြင့် ဦးအီဖောင်အား ကြည့်လိုက်ပါသည်။

'ဒီမှာ ပေါက်ဖော်ကြီး စကားကို ငါ့စကားနွားရယုပ်ပြီး မပြောပါနဲ့… ပေါက်ဖော်ကြီးရဲ့ သားလိမ္မာဆိုတဲ့ နှစ်ယောက်အကြောင်း ဘာသိလဲ၊ လမ်းထဲက ကောင်လေးတွေနဲ့ ဘီယာဆိုင်မှာထိုင် ကောင်မလေးတွေကို ပန်းကုံးစွပ်တာ သိလား၊ ကာရာအိုကေကို ညတိုင်း ဆယ့်တစ်နာရီကျော်မှ သွားတာရော ပေါက်ဖော်ကြီး သိလား၊ ပေါက်ဖော်ကြီးသားတွေက အကြောတက်တတ်တယ် ထင်တယ်၊ အနှိပ်ခန်း ညတိုင်းရောက်တာကောသိလား၊ ညရောက်လို့ ပေါက်ဖော်ကြီး အိမ်မောကျမှ ထွက်တာ သူများကို အပြစ်မပြောနဲ့၊ ကိုယ့်သားသမီး ကိုယ် ပြန်မေး'

ဦးအီဖောင်တစ်ယောက် မထင်မှတ်ထားသော စကားကို ကြားလိုက်ရသဖြင့် အတော်တုန်လှုပ်သွားပုံထင်ရသည်။ သူ့အိမ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့ အကြည့်က ရောက်သွားသည်။

'ဒါတွေ ဝ,လုံးဝ မတိပါလား၊ နီက ဘီလို သိတာလဲ'

'သိပ်သိတာပေါ့… ဒီရပ်ကွက်မှာ သူများတွေနဲ့ကို သတ္တိရှိလို့ ရပ်ကွက် အရက်ဆိုင်မှာ ညဘက်လုံခြုံရေး မထားဘဲ၊ မိန်းမ ပီပီ အရက်ဆိုင်စောင့်ဖို့ လုံခြုံရေးတာဝန်ယူထားတဲ့ မြစိမ်း လေ… အရက်ဆိုင်စောင့် မြစိမ်းပဲ… ညဘက် ဘယ်သူ ဘယ်သွားတယ်၊ ဘာသွားလုပ်တယ်ဆိုတာ အားလုံးသိတယ်၊ မြစိမ်းတို့ကို မမှန်တာ၊ မဟုတ်တာ လာမတင်စီးနဲ့၊ သူများ ထက်မိုက်လို့ လင်မယူဘဲ အပျိုကြီးလုပ်နေတာ'

အရက်ဆိုင်စောင့် မမြစိမ်း၏အသံက တော်တော်ကျယ်လောင် သည် ထင်ပါရဲ့ လမ်းထဲက လူတွေတောင် ဝိုင်းအုံလာကြပါသည်။

'ဝ,ရှက်လယ်… ရှက်လယ်… ဝ,တော့ ဟိုသားလိမ္မာနီ ကောင်ကို အိပ်ရာက နိုးပြီး ဆုံးမရမယ်၊ တွေ့မယ်'

ဦးအိဖောင်တစ်ယောက် သူ့အိမ်သို့ အမြန်သုတ်ခြေတင် ပြေး ပါတော့သည်။

မကြာပါ။ ဦးအိဖောင်တို့ အိမ်ဘက်ဆီမှအသံတွေ ကြားရပါ တော့သည်။

'ကြောက်ပါပြီ… အဖေရ… ကြောက်ပါပြီ'

'ငါ့အရက်ကို ခွဲတဲ့… ဒီကောင်တွေတော့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများကို နားထောင်ပြီး ပြုံးနေသူကတော့ အရက်ဆိုင် စောင့်မမြစိမ်းပင် ဖြစ်ပါသည်။

မမြစိမ်းတင်မကဘဲ ဦးမှူဆွတ်တို့ အိမ်ထဲရှိ လူအပေါင်း တလည်း မဟုတ်မခံ အချက်ကျကျနှင့် ရန်တွေ့ကောင်းသော မမြစိမ်း ကိုလည်း ဝိုင်းချီးမွှမ်းကြတာ မမြစိမ်းအဖို့ အကျေနပ်ကြီး ကျေနပ် နေပါသည်။

*

ပြောစမှတ်ထပ်ဖြစ်တာက လမ်းဟိုဘက် ဒီဘက်ဆယ်ပေ လောက်သာဝေးတာကို ဖုန်းဆက်ပြီး ရန်တွေ့သည့် ဦးအီဖောင်သတင်း တလည်း ဟိုးလေးကျော်သွားပါသည်။

ထူးခြားချက်တစ်ခုကတော့ နောက်တစ်နေ့မှစ၍ ဦးအီဖောင် ၏ အိမ်မှ ခြံဝင်းတံခါးကို နေ့စဉ်နေ့တိုင်း ဖွင့်ထားသည်ကို လမ်းသူ သမ်းသားများ တွေ့မြင်နေကြရပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာကို

မျက်ရည်ပြုလို့

ရပါသလား

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

### ရေစက်(၂)သမ်း

ဟိုတုန်းက ထို (၂)လမ်းသည် လက်လုပ်လက်စားများနေသောလမ်း ဖြစ်သည်။ ထိုမှနေ၍ အိမ်တွင်းလက်မှုလုပ်ငန်း အသေးစားလေးများကို လုပ်ကိုင်ကြသည်။ အထူးသဖြင့် ရာသီစာလုပ်ငန်းမျိုးတွေ ဖြစ်သည်။ သင်္ကြန်ကာလဆိုလျှင် မြို့ထဲမှ ဖောက်သည်ယူပြီး ရေပက်ပြွတ်၊ ဖလား၊ ကလေးကစားစရာ ရေပက်ပစ္စည်းများနှင့် ဒန်းကုံးတို့ကို ရောင်းကြသည်။ အတာအိုးထိုးဖို့ သင်္ကြန်ပန်းလည်း ရောင်းသေးသည်။ ပွဲလမ်းသဘင်ကျင်းပသည့် ဝါလကင်းသည့် သီတင်းကျွတ်၊ တန်ဆောင်တိုင်လမျိုးဆိုလျှင် မီးပုံးများ၊ မီးထွန်းသော ကလေးလက်တွန်းလှည်းလေးများ ရောင်းချကြသည်။ ထို့အပြင် ပုစီခေါင်း၊ မိုးပျံပူဖေါင်း ရောင်းချတာတွေလည်း ရှိသေးသည်။



www.burmeseclassic.com

ထိုမှနေ၍ တစ်ဆင့်တက်လာကာ ဖိနပ်လုပ်ငန်း၊ မီးသွေး လက်ကားပေးခြင်း၊ ကလေးကစားစရာ ပလတ်စတစ်လုပ်ငန်း၊ ရယ်ဒီ မိတ် ကလေးကျောင်းဝတ်အင်္ကျီ ချုပ်လုပ်ခြင်း လုပ်ငန်း၊ ရပ်ကွက်ထဲ လည်ရောင်းဖို့ ဘိန်းမုန့်ဖောက်သည် ပေးသည့် အိမ်ဈေးတွေမှာ ဗေဒင် စာရွက်ရောင်းဖို့ ဗေဒင်စာရွက်များ ဖောက်သည်ပေးပြီး ဗေဒင်တွက် ချက်နည်း အပိုသင်တန်းပေးသည့် ဗေဒင်ဆရာ စသဖြင့် လှုပ်ရှားနေထိုင် ကြသည်။

နောက်တော့ ထိုလမ်းထဲသို့ ဦးပေါက်ကြီးဆိုသော ပြည်ကြီး သား မိသားစုက လမ်းထိပ်ထောင့်အိမ်ကွက်ကိုဝယ်ပြီး အပေါင်ဆိုင် လေးဖွင့်သည်။ ထိုအပေါင်ဆိုင်ငယ်လေးသည် လူတွေနှင့် ရေစက် ဘယ်လို ပါလာသလဲမသိ။ အမြဲတမ်း လူစည်ကားနေပြီး ပိတ်ရက်မရှိ ပေါင်နှံသူ၊ ပြန်ရွေးသူတွေနှင့် ‘ဘဝသံသရာ သီချင်း’ ယုံ ဖြစ်နေကာ တဖြည်းဖြည်း နှစ်ထပ်တိုက်ကြီး ဖြစ်လာကာ ‘သုခဂတိ’ ဟူသော အပေါင်ဆိုင်ကြီး ဖြစ်လာလေသည်။

ထိုလမ်းကို ဘယ်ဘဝက အတိုက်ရေစက်ကြောင့် ဤ အပေါင်ဆိုင်တွင် လာရောက်ပေါင်နှံရသလဲ ဆိုပြီး တွေးတောစဉ်းစားမှု မျိုးဖြင့် မည်သူက စဉ်းစားခဲ့သလဲမသိ တစ်ခါတည်း ရေစက် (၂)လမ်း ဆိုပြီး အမည်တွင်ခဲ့တာ ယနေ့တိုင်ပင် ဖြစ်သည်။

ထိုလမ်းမှာ လူတစ်ယောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က 'တော်တီးတော်…'

*

မောင်သောင်းဝေသည် လူပျိုပေါက်အရွယ်က ယောက်ျားပီသသူဖြစ်သည်။ မိဘတွေလည်း စားနိုင်သောက်နိုင်သူဖြစ်သည်။ ထို့အပြင် ပညာအရည်အချင်းကလည်း နဝမတန်းအထိ တက်ရောက်ဖူးသူ ဖြစ်သည်။ လူပျိုပေါက်အရွယ်မှာ မိန်းကလေးတစ်ယောက်ကို အရူးအမူး ချစ်မိခဲ့သည်။ ထိုမိန်းကလေးက ယောနယ်ဖက်ကနေလာပြီး ရပ်ကွက်ထဲက အိမ်တစ်အိမ်မှာ အိမ်ဖော်အဖြစ် လာရောက်လုပ်ကိုင်သူဖြစ်သည်။

ဒါကို မိဘများက သဘောမတူ။ မောင်သောင်းဝေကလည်း သူမှသူဖြစ်နေသည်။ မိဘတွေက ယောနယ်ကလာသော သူတို့သားနှင့် ချစ်ကြိုက်နေသော မိန်းကလေးမှာ ဘာအစီအရင်၊ ညာအစီအရင်တွေနှင့် သူ့သားကို ဆေးခပ်ကြိုက်သည်ဆိုပြီး အရပ်ထဲလျှောက်ပြောတော့သည်။ မိန်းကလေး လုပ်ကိုင်နေသော အိမ်ရှင်တွေက ပြဿနာဖြစ်မှာစိုး၍ ထိုမိန်းကလေးအား ယောနယ်သို့ ပြန်ပို့လိုက်သည်။

သည်တွင် မောင်သောင်းဝေ အသည်းကွဲပြီး အိမ်မှထွက်သွားသော ယောနယ်မှ ချစ်သူရှိရာသို့ လိုက်သွားသည်။ ဘာရယ်ကြောင့်မှန်း မည်သူမှမသိ။ နောက်နှစ်မှာ မမှတ်မိနိုင်အောင် ပိန်ချုံးသော



www.burmeseclassic.com

www.burmeseclassic.com



ခန္တာကိုယ်နှင့် မောင်သောင်းဝေတစ်ယောက် ရပ်ကွက်ထဲကအိမ်သို့ စိတ်ဝေဒနာခံစားရသော လူငယ်အဖြစ် ပြန်ရောက်လာခဲ့သည်။

မိဘတွေရော ညီအစ်ကို မောင်နှစ်မတွေပါ ယူကျုံးမရဖြစ်တော့သည်။ ဘယ်လိုကြောင့် မောင်သောင်းဝေတစ်ယောက် စိတ်ဝေဒနာ ခံစားသွားရသည်လို့ မေးလို့မရ။

မနက်မိုးလင်းပြီဆိုသည်နှင့် အိမ်မှထွက်ကာ တစ်လမ်းဝင် တစ်လမ်းထွက် နားနှစ်ဖက်မှာ သစ်ရွက်တစ်ရွက်စီညှပ်ပြီး လက်အုပ်ချီက မတ်တတ်ရပ်ရင်း ပါးစပ်မှ ကဗျာလိုလိုစာကိုရွတ်ကာ 'တော်တီးတော်'ဟု အဆုံးသတ်သဖြင့် ရပ်ကွက်ထဲမှာ 'တော်တီးတော်'ဟု ယနေ့ထက်တိုင် အမည်တွင်နေပေတော့သည်။

*

ယို့ထက်မက ပြောစမှတ်တွင်စရာ တစ်ခုက ဖြစ်ခဲ့ပါသေးသည်။

ဒီလိုပါ...

*



www.burmeseclassic.com

www.burmeseclassic.com



*သင်္ဘာဝင့်ကျော်စာတတ်ပုံနှင့်*
*ပုံနှိပ်ဖော်ပြထားသော*
*သက်သာချောင်ချိရေး ပြက္ခဒိန်အရ*
*ထိုနေ့သည်*
*ရပ်ကွက်ထဲက ငွေတိုးချေးစားသော*
*မကျင်စွမ်း၏ ငါးဆယ့်သုံးနှစ်မြောက်မွေးနေ့ဖြစ်ပြီး*
*ဈေးထဲမှာ ငါးရောင်းသော မလေး၏ယောကျ်ား*
*ဦးဘစိန်၏ ယောက်ဖ၏ ယောက္ခမ၏ တူဖြစ်သူ*
*ကိုသန်းတင့်၏ မိန်းမ၏မတ်ဖြစ်သူ*
*တာတီးတစ်ယောက် နံနက်စောစောစီးစီး*
*ညကအမူးလွန်ပြီး အိပ်ရာထဲ သတိလစ်နေ၍*
*ဆေးရုံပို့ရသော နေ့ဖြစ်ပါသည်။*

*

'တော်တီးတော်'တစ်ယောက် ရပ်ကွက်မမွာရဲ့ထိပ်က သောက်ရေအိုးစင်မှ သောက်ရေတစ်ခွက်ကို ခပ်သောက်ပြီး သောက်ရေအိုးစင်တွင် ရေးထားသော စာသားကို ဖတ်လိုက်ပါသည်။

'ရေသောက်ပါ၊ ခွက်မခိုးပါနှင့်'

တော်တီးတော် ပြုံးပါ၏။ ပြီးတော့ အနီးနား၌ သစ်ပင်မှ



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်နှစ်ရွက်ကို ခူးပြီး နားတစ်ဖက်စီမှာ ညှပ်သည်။ လက်အုပ်ကို ချီပြီး...

လူ့ဘဝဆိုတာ ရခဲတယ်
မအေးကြွယ် ဈေးသည်
ပဲပြုတ်သည် ဒေါ်တွေး
အကြွေးကြောင့် ရတက်မအေး
ပေးတာ ကမ်းတာ ယူပါ။
အတင်းမပြောပါနဲ့
လူချင်းဆိုတာ ညာစားတာမို့
ဦးဆွေတင် မယားငါးယောက်ယူတာ
မနာလိုစရာလား
ထားပါလို့ မပြောပါနဲ့
သူ့ဝါသနာရှိတာမို့
ဥက္ကာဌကိုသာစိန်
သမဝါယမ ပြုတ်လို့လေ
တန်းစီသလို နောက်လူတွေ
သူ့ထက်ငါ နေရာဦးတာမို့
တို့ကတော့ ရယ်နေတာ..
ဒါ့ကြောင့်..၊ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



*တော်… တီး… တော်… တော်… တီး… တော်…*

ဖြတ်သွားဖြတ်လာတွေက တော်တီးတော် ရွတ်ဆိုနေတာကို ကြည့်ပြီး ရယ်သွားကြသည်။

'ဟဲ့… တော်တီးတော်… ဒီတစ်ခါ နင်ရွတ်တဲ့ စာသားက တစ်မျိုးပြောင်းသွားပါလား'

ဈေးဆွဲခြင်းကို လက်ဆွဲထားသော အမျိုးသမီးတစ်ဦးက တော်တီးတော်ကို ကြည့်ပြီး မေးပါသည်။

'လူတွေရှိနေသရွေ့ လူ့ အတ္တပုဂ္ဂိုလ်အဖြစ်အပျက်တွေဟာ ပြောင်းမှာပဲ၊ တစ်နေရာရောက်ရင် အကြောင်းအရာ တစ်မျိုး ပြောင်းဆိုရမှာက ကျူပ်တာဝန်ပဲ'

'အမယ်… တယ်ဟုတ်တဲ့ တော်တီးတော်ပဲ'

ဈေးဆွဲခြင်းကို လက်ဆွဲထားသော အမျိုးသမီးက တော်တီး တော်နားက ထွက်သွားသည်။ တော်တီးတော်က ထိုအမျိုးသမီးကို ကြည့်ပြီး…

'တော်တော်စပ်စုတဲ့ အမျိုးသမီး၊ ဈေးဆွဲခြင်းထဲကြည့်တော့ ကန်စွန်းရွက်နဲ့ ကြက်ရိုးတွေချည်းပဲ၊ ကိုယ့်ဘာသာ ကြက် သား ဝယ်စားနိုင်ဖို့တော့ မကြိုးစားဘူး… ဟွင်း…'

တော်တီးတော်၏ ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ပြောပြီး သောက်ရေအိုးစင်နားကနေ ထွက်သွားပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



တော်တီးတော်၏ ခြေလှမ်းတွေက ရပ်ကွက်အရက်ဆိုင်အနောက်တောင်ဘက် ခပ်လှမ်းလှမ်းရှိ ကင်းတဲအနီးနားတွင် ရှေ့ဆက်မသွားတော့ဘဲ ရပ်တန့်သွားသည်။

ကင်းတဲအနီးအနားမှာ လမ်းက ခဲ၊ ဂမူမရှိဘဲ ညီညာလို့နေသည်။

ထိုနေရာမှာက ညနေဆိုလျှင် ကလေးများ ဆော့နေကြနေရာဖြစ်သည်။

တော်တီးတော်က သူ့မျက်စိကို ပွတ်ပြီး ကင်းတဲအနီးသို့ ထပ်တလဲလဲကြည့်မိသည်။ သူ့အမြင်အာရုံမမှားတာ သေချာသည်။

'ဘာတွေ ဖြစ်နေတာပါလဲ'

တော်တီးတော်တစ်ယောက် နှုတ်မှ တီးတိုးစကားဆို လိုက်သည်။

ကင်းတဲအနီးအနားတွင် အစိမ်းရောင် တီရှပ်အရှည်ပွပွကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးက လက်ထဲတွင် ပလတ်စတစ်ဆေးဘူးလေးများကို ကိုင်ထားပြီး ဝေပေးနေလို့ဖြစ်သည်။

'ရော့… တစ်ယောက် တစ်ဘူးပဲရမယ်၊ ဒါ… ဟိုဘက်ရပ်ကွက်က နွားထိုးကြီး ဆရာစိုးရဲ့ သံပယိုအကြောဖြေဆေး။ အခုမှ ဈေးကွက်ထဲ ပစ္စည်းစဖြန့်မှာမို့ အလကားလိုက်ပေးနိုင်းတာ'

www.burmeseclassic.com



'ဟဲ့… မမြစိမ်း၊ ဒီမှာ မရသေးဘူး'

'မြစိမ်း… ငါ့ကို ပေးဦးလေ'

'အို… အလကားရတာတောင် ဝမ်းနူတ်ဆေးဘူး တစ်ဘူး တော်ပြီပေါ့၊ ဘာဖြစ်လို့ နှစ်ဘူးသုံးဘူး ယူချင်နေရတာလဲ၊ အူတွေ ပါးကုန်မှာပေါ့'

မမြစိမ်းက သူ့ကိုယ်သူ လက်ထဲက အကြောပြေ ဝမ်းနူတ်ဆေးဘူးတွေကို ရွှေတုံးတွေဝေနေသည့်အလား သူ့မျက်နှာက နည်းနည်း တနေပါသည်။

'အဲဒါ… ဘာတွေတုန်း'

မမြစိမ်းရှိနေသည့် နေရာသို့ တော်တီးတော်က သွားပြီး လှမ်း မေးလိုက်သည်။

'ဘာတွေရမလဲဟ… အကြောပြေဝမ်းနူတ်ဆေးတွေလေ၊ ငါ့ကိုအမြည်းသဘောမျိုး ဝေခိုင်းလို့'

ဘုရင်ခံလေသံမျိုးဖြင့် မမြစိမ်းက ပြန်ဖြေပါသည်။ ဒါကို တော်တီးတော်က သိပ်မကျေနပ်သည့် အမူအရာနှင့်…

'ခင်ဗျားကလည်းဗျာ… ကိုယ်ပေးရတာလည်း မဟုတ်ဘဲနဲ့ လေသံက မာနေတာပဲ၊ ကျုပ်ကိုလည်း တစ်ဘူးပေး'

'တော်တီးတော်… နင်က ဘာလုပ်ဖို့လဲ'

'ဘာလုပ်ရမှာလဲ… ဆေးဆို သောက်ရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ရှော့… သောက်… တစ်ဘူးလုံးကုန်အောင်သောက်၊ ဒါမှ နင့်ရောဂါတွေပါ ပျောက်မှာ'

'ဟား… ဟား… ဟား… ဟား…'

'တကယ်ပေါ့ တော်တီးတော်ရဲ့'

'ဒါဆို… ပေး'

မမြစိမ်းက အကြောပြေ ဝမ်းနုတ်ဆေးတစ်ဘူး တော်တီးတော်လက်ထဲ ထည့်ပေးလိုက်သည်။

မုန့်ရသည့် ကလေးငယ်တစ်ဦးကဲ့သို့ တော်တီးတော်က ခုန်ပေါက်ပြီး ပြေးထွက်သွားသည်။

မမြစိမ်းလည်း ဝေစရာရှိတာ ဝေပြီးသွားပြီမို့ အရပ်ထဲက သတင်းထူး သတင်းဦးရဖို့ စနည်းနာရန် ကင်းထဲမှားကနေ ထွက်လာခဲ့လေတော့သည်။

*

တော်တီးတော်တစ်ယောက် အိမ်သာသို့ သုံးလေးငါးခါတက်နေသဖြင့် အိမ်က လူတွေက ဘယ်သူတွေက ဘာကျွေးလိုက်ပြီး အစားမှားသဖြင့် ဝမ်းသွားနေသလားဟု တော်တီးတော်အား ကြည့်ပြီး တွေးထင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲက ရစ်ရစ်ပြီး နာနေတာကို အော်ဟစ်ပြီး အိမ်သာဆယ်ခါလောက် တော်တီးတော့်တက်တော့ အိမ်ရှိ မိသားစုတွေက သံသယဝင်လာကြသည်။

'တော်တီးတော် ဘာဖြစ်တာလဲ ဘာစားလို့ ဒီလောက် အိမ်သာ ခဏခဏတက်ရတာလဲ'

ဝမ်းသွာလွန်းသဖြင့် နွမ်းနေသော ခန္ဓာကိုယ်ကို အားပြုပြီး ဖျော့တော့သော လေသံဖြင့် တော်တီးတော်က…

'ဟို… ဟို… မမြစိမ်းက ကင်းတဲထိပ်မှာ အကြောဖြေဝမ်းနုတ်ဆေးဘူး အလကားပေးတယ်၊ ဘာလုပ်ရမှာလဲမေးတော့ ဆေးဆိုတာ သောက်ရတယ်ကွဲ့ နင့်ရောဂါပျောက်အောင် တစ်ဘူးလုံးသောက်ဆိုလို့ သောက်ချလိုက်တာ'

'ဘာ… ဝမ်းနှုတ်ဆေးကို တစ်ဘူးလုံးသောက်တယ်'

'ဟင်… တော်တီးတော်'

မေးရင်းမြန်ရင်းမှ တော်တီးတော်တစ်ယောက် မတ်တတ်ပင် ရပ်နိုင်တော့ဘဲ ပုံလျက်သား လဲကျသွားပါသည်။

'ဆေးရုံပို့… ဆေးရုံပိုဟေ့…'

အိမ်ထဲမှာ အားလုံး ပျာယာခတ်ကုန်ပါသည်။ အိမ်နီးနားချင်းတွေလည်း ရောက်လာကြပြီး မေးကြမြန်းကြပါသည်။

မေးမြန်းသမျှကို ပြန်ဖြေနေသော တော်တီးတော့်မိခင်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဝေက သူ့သားအား ဝမ်းနှုတ်ဆေးဘူးပေးပြီး တစ်ဘူးလုံးကုန်အောင် သောက်ခိုင်းသော မမြစိမ်းအား ဒေါသထွက်ကာ အစိမ်းလိုက်ဝါးစားချင်စိတ်တွေ ဖြစ်ပေါ်လာပါသည်။

နောက်ဆုံးတော့ တော်တီးတော်အား အိမ်သားများက ဆေးရုံသို့ ပို့လိုက်ရပါသည်။

ထိုအဖြစ်အပျက်တွေကို မမြစိမ်းတစ်ယောက်က အရိပ်ထဲလှည့်ပြီး သတင်းပလင်း အတင်းစုံစမ်းနေသဖြင့် မသိရေးချမသိ။

ညနေ မှောင်စပျိုးချိန် သူမညဘက်စောင့်အိပ်မည့် အရက်ဆိုင်သို့ ဝိုင်းကူလုပ်ပေးဖို့...

ရောက်လာတော့မှပဲ...

*

'ဟဲ့... မြစိမ်း၊ ညည်းလုပ်ပုံ ကောင်းလား'

ရှေ့ဆက်တိုးဖို့ ခြေလှမ်းတွေက ဒေါ်ခင်ဝေ၏ ဒေါသတကြီးအော်ပြောလိုက်သည့် အသံကြောင့် မမြစိမ်း တွန့်ခနဲဖြစ်သွားသည်။

တစ်ခါဖူးမှ ဒေါ်ခင်ဝေတစ်ယောက် သည်လို မပေါက်ကွဲဖူး။ ယခုတော့ ထဘီကို တိုတိုဝတ်ပြီး သူမအားခါးထောက်ပြီး ကြည့်ရင်းက အော်ဟစ်လိုက်လို့ ဖြစ်သည်။

ရပ်ကွက် အရက်ဆိုင်ထဲက လူတွေကလည်း ဆိုင်အပြင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ စိတ်ဝင်တစားနှင့် ကြည့်လို့နေသည်။

'ဒေါ်ခင်ဝေ… ဘာဖြစ်လို့ ကျွန်မကို အော်ရတာလဲ'

'အော်ရုံတင်မကဘူး၊ ညည်းကို သတ်တောင်သတ်ချင်တာ'

မမြစိမ်း နည်းနည်းတော့ ဒေါသဖြစ်သွားပါသည်။ မဆီမဆိုင် ဘာဖြစ်လို့ သူမကို စိန်ခေါ်လေသလဲလို့ပါ။

'ဒေါ်ခင်ဝေ… ဒီဆိုင်ရှေ့မှာ သိပ်မကောင်းဘူး၊ ဘယ်လိုဖြစ်လို့ ကျွန်မကို အော်နေရတာလဲ၊ လာ… ဒီဆိုင်နဲ့ နည်းနည်းဝေးတဲ့နေရာကို သွားရအောင်'

'မသွားနိုင်ဘူး၊ နင်က ငါ့သား တော်တီးတော်ကို ဝမ်းနုတ်ဆေး တစ်ဘူးကုန်အောင် သောက်ခိုင်းတာ ဟိုက တစ်ဘူးလုံးကုန်အောင် ဘာမှန်းမသိ သောက်ပစ်လိုက်လို့ ဝမ်းတွေဒလဟောသွားပြီး ဆေးရုံတင်လိုက်ရပြီ၊ အဲဒါကောင်းလား၊ နင်က ဒါမျိုးပြောစရာလား'

လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒေါသတကြီး ပြောနေသော ဒေါ်ခင်ဝေကို ကြည့်ပြီး မမြစိမ်း ပေါက်ကွဲသွားပါသည်။ တစ်ခါဖူးမျှ သူတို့ ဒါမျိုးလက်ညှိုးထိုးပြီး ပြောသူမျိုး သူ့ဘဝမှာ မကြုံခဲ့ရပါ။

'အဲဒါ ပုံမှန်စဉ်းစားတွေးတောတယ်တဲ့၊ လူစိတ်ရှိတဲ့ လူနိုင်သောက်မလား၊ နောက်လို့ နောက်မှန်းမသိဘဲ စိတ်ဝဒနာသည်မို့လို့ ဘာမှန်းမသိညာမှန်းမသိ သောက်တာပေါ့၊ သူများ



www.burmeseclassic.com

www.burmeseclassic.com



က အလကားဝေခိုင်းလို့ဝေလည်းဝေရသေးတယ်၊ အလကား လည်း ပေးရသေးတယ်၊ လာပြီး ရန်လာမတွေ့နဲ့'

'တွေ့ ကယ်…ငါ့သား စိတ်ဝေဒနာ ခံစားရတာ၊ သူ့ရည်းစား ပြစားလို့၊ ငါ့သားရဲ့ ပျော့ကွက်ကို နင် ဆွဲမပြောနဲ့'

'ဘာ… သူ့ရည်းစား ပြစားတာလဲ၊ အလကား… မယားတ ရူး ရူးတာကိုများ'

'ဟဲ့… ငါ့သားက မယားတရူးတယ်ပဲ ထားဦး၊ နင့်လို့ အရပ်တကာလှည့်ပြီး အတင်းမပြောဘူး၊ အကြွေးမယူဘူး၊ တောင်းတော့ ပြန်မဆပ်တဲ့ အစားမျိုးမဟုတ်ဘူး'

'အတင်းပြောတာ မဟုတ်ဘူး၊ မှန်တာကို ပြောတာ၊ ရှင့်သမီး တွေလို အိမ်တွင်းပုန်းပြီး အိမ်ထဲမှာနေရင်းက လာတဲ့ညှော် သည်ကို ဟိုဟာကျွေး ဒီဟာကျွေးပြီး သတင်းပလင်း အတင်း နားထောင်တဲ့ အစားထဲက မဟုတ်ဘူး'

တဖြည်းဖြည်းနှင့် မမြစိမ်းနှင့်ဒေါ်ခင်ဝေတို့ ရန်ပွဲက ငယ်ကျိုး ငယ်နာဖော်သော အဖြစ်မျိုး ရောက်မှန်းမသိ ရောက်လာပါသည်။

'အံမယ်… အရက်ဆိုင်စောင့် ဒရဝမ်မကများ၊ ငါ့သမီးတွေ ကို စော်စော်ကားကား ပြောရသေးတယ်၊ ဟဲ့… ဝူလို့သား တန်လို့လား'

'တူသလား၊ တန်သလား သိချင်ရင်၊ ရှင့်သမီးသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



'ထဲက ကြိုက်တဲ့သူ တစ်ယောက်ထွက်၊ နပန်းလုံးမယ်၊ သွားခေါ်... ရှင် သွားမခေါ်ရင် ကျွန်မသွားခေါ်မယ်'

မမြစိမ်းက ဒေါ်ခင်ဝေတို့ အိမ်ဘက်သို့ သွားမည်တကဲကဲလုပ်နေပါသည်။

'တော်ကြစမ်း... တော်ကြစမ်း၊ လမ်းလယ်ခေါင်မှာဗျာ... ကဲ... ရုံးကိုလိုက်ခဲ့၊ ရုံးရောက်မှရှင်း'

ရာအိမ်မှူး ကိုရီက အပြေးအလွှားရောက်ချလာပါသည်။ ...မ်းထဲက ဆယ်အိမ်မှူးသည်လည်း ရန်ပွဲရှိနေရာသို့ ထပ်မံရောက်ချ...လာပါသည်။

ထို့နောက်တော့ ရပ်ကွက်အေးချမ်းသာယာရေး ရုံးမှာ ရှင်း...င်းကြပါသည်။

နောက်ဆုံးတွင် ဒေါ်ခင်ဝေကော မမြစိမ်းပါ ရပ်ကွက်ဥက္ကဋ္ဌ...သတိပေးခြင်းကို ခံရပါသည်။

*

ရေစက် (၂)လမ်းထဲမှာတော့ တော်တီးတော် ဆေးရုံက ...င်း...သည့် အချိန်သာမက နောက်ရက်များတိုင်အောင် ထိုအကြောင်း... ပြောမဆုံးနိုင်အောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



တော်တီးတော်ကတော့ နေကောင်းသွားပေမယ့်လည်း ယခင်လို တစ်လမ်းဝင် တစ်လမ်းထွက် ပါးစပ်က ရွတ်ဆိုရင်း သူ့ဝသီအတိုင်း တော်တီးတော်နေဆဲပင် ဖြစ်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

မိန်းမ မကြောက်ဘူး

ပြောတဲ့သူဟာ

မိန်းမကို ကြောက်လို့

လှုရှိန်အောင်

လျှောက်ပြောနေတာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

## မိဖုရား (၃)လမ်း

ဤလမ်းကတော့ နည်းနည်းထူးခြားပါသည်။

လမ်းထဲတွင် နေထိုင်သူများမှာ ရုံးဝန်ထမ်း၊ ရုံးအရာရှိများ ဖြစ်ကြသည်။ ဝန်ထမ်းအများစု နေသည့် လမ်းဖြစ်သဖြင့် လမ်းက ဟိုဘက်အခြမ်းရော သည်ဘက်အခြမ်းရော သန့်သည်ဟု ပြောရပေလိမ့်မည်။

ဝန်ထမ်းမိသားစုများဖြစ်သည့်အတွက်ကြောင့် အိမ်ရှိ ဇနီးမယားများမှာ မိသားစု ဝမ်းရေးအတွက် အိမ်မှာနေရင်း ရပ်ကွက်ထဲ နေ့သွင်း ငွေချေးခြင်း၊ ပွဲစားလုပ်ခြင်း၊ အထည် လပေး ပေးခြင်း အစရှိသည့်ကိစ္စများကို လုပ်ကိုင်ကြသဖြင့် ငွေစကြေးစကလေးများက ပြေလည်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွက် အိမ်တွင် အိမ်ထောင်ဦးစီးယောက်ျားထက်ကို ဩဇာအာဏာ ပိုကြီးမားလာကြသည်။ ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေးကိစ္စများရှိလျှင်လည်း အိမ်ရှင်မများကသာ ဦးဆောင်ဆုံးဖြတ်ပြီးမှ ယောက်ျားသားများက လိုက်လုပ်ရသည့် အနေအထားမျိုးဖြစ်လာသည်။

အထူးသဖြင့် ပြောရမည်ဆိုလျှင်တော့ မိန်းမကြောက်သူတွေဟု ဆိုရပေမည်။ အရာရာကိစ္စတိုင်းကို မိန်းမတွေကသာ ဦးဆောင်ရသဖြင့် မည်သူက နာမည်ပေးခဲ့သလဲ မသိ။ မိဖုရား (၃)လမ်းဆိုပြီး အမည်တွင်လာပါတော့သည်။

*

မိဖုရား သုံးလမ်းထဲတွင် ထူးခြားသည့် အိမ်တစ်အိမ်ရှိသည်။ ထိုအိမ်မှ'နံနက်ခင်းတေးသံသာ၊ နေ့လည်ခင်း တေးသံသာ၊ ညနေခင်းတေးသံသာနှင့် ညပိုင်းတေးသံသာမှ မကြားရလျှင် လမ်းသူလမ်းသားများအဖို့ စားမဝင် အိပ်မဝင်ဖြစ်ရသည်ဟုပင် ပြောစမှတ်ဖြစ်လာရပါသည်။

ထိုအိမ်တွင် တင်ဦးမောင်နှင့် ခင်မမတို့နေထိုင်ကြသည်။ သမီးနှစ်ယောက်ရှိသည်။ တင်ဦးမောင်က ဝန်ထမ်းဘဝမှထွက်လာပြီး အိမ်တွင် စတစ်ကာ တံဆိပ်ရိုက်လုပ်ငန်းကို လုပ်ကိုင်သည်။ ခင်မမက



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းစီးပွားရေးလုပ်ငန်းကို တင်ဦးမောင်နှင့် ဝိုင်းလုပ်ကိုင်ပေးရပြီး အားလျှင် ရပ်ကွက်ထဲလှည့်ပြီး စက်ဘီးတစ်စီးနှင့် အတင်းပြောသည့် ဝါသနာရှိသည်။ ဟိုစပ်စပ် ဒီစပ်စပ် ပါတတ်သည်။ တင်ဦးမောင်ကတော့ အလုပ်လုပ်ရင်း တစ်နေ့လုံး ယမကာကို မှီဝဲသူဖြစ်သည်။ ခွက်ပုန်းရော၊ ဆိုင်မှာရော၊ ပါဆယ်ရော သောက်သူဖြစ်သည်။ မကြာခဏဆိုသလို သူငယ်ချင်းများနှင့် အိမ်တွင် ဝိုင်းဖွဲ့လေ့ရှိသည်။

တင်ဦးမောင် အရက်ကို တစ်နေ့လုံး တစ်ခွက်ငှဲ့လိုက်သောက်လိုက် အလုပ်လုပ်လိုက်ဖြစ်နေတာကို ခင်မမက အမြင်မကြည်သလို တင်ဦးမောင်ကလည်း ခင်မမ စက်ဘီးတစ်စီးနှင့် အရပ်ထဲလှည့်ပြီး အတင်းပြောသည်ကို မကျေနပ်။

ဤသို့ဖြင့် တစ်နေ့လေးခါ တေးသံသာရန်ပွဲကို အကြောင်းအမျိုးမျိုးပြပြီး လင်နှင့်မယား ရန်ဖြစ်ကြပေတော့သည်။

ထို့အပြင် တင်ဦးမောင်က မိန်းမကြောက်သူဖြစ်ပေမယ့် သူ့သူငယ်ချင်းများကိုတော့ စကားတစ်ခွန်း ပြောလေ့ရှိသည်။

'မိန်းမကို ကြောက်ပေမယ့် ရန်တော့ ဖြစ်ရဲရတယ်ကွ'

*



www.burmeseclassic.com

www.burmeseclassic.com



တင်ဦးမောင် စက်ဘီးကို အိမ်ရှေ့မှ ရပ်လိုက်ပြီး သော့မခတ်ဘဲ ချိပ်သာ ချိတ်ထားသော အိမ်တံခါးကိုကြည့်ပြီး နည်းနည်းတော့ ဒေါသထွက်သွားသည်။

'ခင်မမ… တံခါးသော့မခတ်ဘဲ ဘယ် အတင်းသွားတုတ် ပြန်နေပြီလဲ မသိဘူး၊ ရှိတာတွေ အိမ်က တောက်ပြောင်က ယူရင် တော့ကွာ'

ပါးစပ်က တံခါးကိုဖွင့်ရင်း ဗျစ်တောက်ဗျစ်တောက် ပြောရင်းမှ ချိပ်ချိတ်ထားသော တံခါးကိုဆွဲဖွင့်ပြီး စက်ဘီးကို အိမ်ထဲထည့်လိုက်သည်။

ရုတ်တရက် အာခေါင်က ပူလာပြီး ရေက တော့်လာသည်။ စောစောတုန်းက ဆိုင်မှာ 'ဓေ' နှစ်ရာဖိုးနဲ့ လက်ဖက်အမြည်းကို အားဆေးလာတာ။ ငရုပ်သီးစိမ်းက ယခုမှ ပညာပြလို့ဖြစ်သည်။ သောက်ရေအိုးစင်မှ ရေတစ်ခွက်ကို ခပ်သောက်ပြီး အိမ်နောက်ဖေးသို့ ဝင်လာခဲ့သည်။

'ဟာ… ကွာ'

တင်ဦးမောင်က မြင်ရသည့် မြင်ကွင်းကိုကြည့်ပြီး စိတ်ပျက်သွားသည်။ စားပြီးသား ပန်းကန်ခွက်ယောက်တွေကို မဆေးကြောဘဲ ပုံထားလို့ ဖြစ်သည်။

ဒေါ့်သည်လာလို့သာ မြင်လို့က ဘယ်လိုမှမကောင်း၊ အတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရော ဖြစ်လာနိုင်သဖြင့် မထူးပါဘူးဆိုပြီး ပန်းကန်ခွက်ယောက်တွေကို ဆေးလိုက်သည်။

ပန်းကန်တွေကို ဆေးကြောနေရင်းမှ နည်းနည်းကလေး ခေါင်းထဲမှ ရှိဝေလာသဖြင့် ပန်းကန်တွေ ဆက်မဆေးတော့ဘဲ အတင်းသွားပြောနေသော ဇနီးခင်မမကို စိတ်ထဲကနေ တုတ်နေမိသည်။

သည်နေ့ မနက်ကတည်းက မနက်ခင်းတေးသံသာ ဆိုရလောက်အောင် ရန်မဖြစ်ရသေးသဖြင့် ကိုယ့်ကိုကိုယ် ဟုတ်နေပြီဟု ထင်နေသည့် ဘဝကနေ ယခုတော့ အစဉ်အလာအတိုင်း ခင်မမပြန်လာလို့ ရန်ဖြစ်ရတော့မည်လို့ တွေးရင်းက သည်လောက်တောင်အတင်းပြောချင်သည့် ခင်မမ တွေ့မည်ဟု။

တင်ဦးမောင်တစ်ယောက် အိမ်ခန်းထဲမှာ စီအိုင်အေနှင့်အက်ဖ်ဘီအိုင်အဖွဲ့ကြီးက ကမ္ဘာ့အနှံ့အကြမ်းဖက်သမားများကို ရှာဖွေစုံစမ်းသလို၊ ခင်မမတစ်ယောက် ပိုက်ဆံဝှက်ထားသည့် နေရာကို ဒီနေ့လယ်ခင်း အရက်ဖိုးအတွက် ပိုက်စိပ်တိုက်ရှာဖွေလေတော့သည်။

ခေါင်းသာနောက်ပြီး အမူးပြေသလိုတောင် ဖြစ်သွားသည်။ ခင်မမတစ်ယောက် အိမ်ခန်းထဲမှာ ပိုက်ဆံဝှက်ထားတာက 'အိုစမာဘင်လာဒင်' ပုန်းနေတာထက်တောင် ရှာဖို့ ပိုခက်နေပါသေးသည်။

ပန်းကန်ဆေးရင်း၊ ပိုက်ဆံရှာ၍ မတွေ့ရခြင်းတို့ကြောင့် တင်ဦးမောင် ဒေါသတွေက အထွတ်အထိတ်သို့ ရောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝမှာ ထိုင်နေရင်းက ဘယ်နေရာသွားပြီး အတင်းအတင်းပြောနေသော ခင်မမကို ရန်ဖြစ်ဖို့ တင်ဦးမောင် မျှော်နေမိပါသည်။

*

'သူ့အဖေ… ဘာထိုင်လုပ်နေတာလဲ'

ဘယ်ကနေ အတင်းပြောလို့ ဝလို့ ပြန်လာသလဲ မသိသော ခင်မမက အိမ်ပေါက်ဝမှာ ထိုင်နေသော တင်ဦးမောင်အား မေးပါသည်။

'နေစမ်းပါဦး ခင်မမရဲ့၊ မင်းက ပန်းကန်တွေ ဘာတွေမဆေး၊ အိမ်တံခါး သော့မခတ်ဘဲနဲ့ ချိပ်ချိတ်ရုံ ချိတ်ပြီး ဘယ်မှာသွားပြီး အတင်းပြောနေတာလဲ၊ ဘာလဲ… မင်းရဲ့လင် ငါ့ကို ဘီလ်ဂိတ်မှတ်နေလို့လား'

နည်းနည်းတွေနေပြီဖြစ်သော တင်ဦးမောင်က အသံကုန်ဟစ်ပြောပါသည်။

'အဲဒီ… ပန်းကန်တွေက ရှင့်သမီးနှစ်ယောက် ကျောင်းမသွားခင် စားသွားတာတွေလေ၊ နည်းနည်းပါးပါး ဖအေတစ်ယောက်အနေနဲ့ သမီးနှစ်ယောက်စားပြီးသား ပန်းကန်လေး ဘာလေးဆေးဖို့ ခုံးမပါလား၊ တစ်နေ့… တစ်နေ့…



www.burmeseclassic.com

www.burmeseclassic.com



ဒီအရည် သောက်ဖို့ကိုပဲ ရှင်လုပ်'

'ခင်မမ… ကလေးတွေကို လွှဲမချနဲ့၊ နင် ဘယ်ကပြန်လာ

တာလဲ သာပြော၊ အလကား… အားအားရှိ အတင်းပြောတာ

နင် ဒီအကျင့်မဖျောက်နိုင်ဘူးလား'

တင်မမက အိမ်ပေါက်ဝမှာ ထိုင်နေသော တင်ဦးမောင်အား

ဘာစကားမှ မပြောဘဲ တွန်းဖယ်ပြီး သောက်ရေအိုးထဲကနေ ရေတစ်

ခွက် ခပ်သောက်လိုက်သည်။

'ဒါပဲ… သူများ အိမ်မှာသွားပြီး အတင်းပြော၊ ပြီးတော့

အိမ်ပြန်ရေသောက်နဲ့ အတင်းများ ဘယ်လောက်တောင်

ပြောလာသလဲမသိဘူး၊ နောက်ဆုံး ကိုယ့်အိမ်သာ ကိုယ်တက်

ရတာပဲ'

'တင်ဦးမောင်… ရှင့်လေသံတွေ မာလှချည်လား၊ ဘာဖြစ်

လဲ၊ ကိုယ့်ဘာသာကို အတင်းပြောတာ၊ ရှင်လည်း သေရည်

သောက်တာပဲ၊ အခုလည်း မိုးမလင်းသေးဘူး၊ သောက်ပြီး

ပြန်လာတာ မဟုတ်လား'

'ဒါ… ငါ့ကို မပြောပါနဲ့၊ ငါ့အလုပ် ငါလုပ်တာ မင်းသာ

တခါးသော့မခတ်ဘဲ ဘယ်လင်ငယ်နဲ့ အတင်းသွားပြောနေ

သလဲ မသိဘူး'

'ကိုတင်ဦးမောင်… ရှင်… တော်တော့'



www.burmeseclassic.com

www.burmeseclassic.com



မိဖုရား (၃)လမ်းထဲမှ နံနက်ခင်း စေးသံသာ သည်နေ့တော့ မကြားရတော့ဘူးဟု တွက်ဆနေကြသော လမ်းသူလမ်းသားများ မျှော်များခမျာ ကြားနေကျအသံကို နည်းနည်းနောက်ကျမှ ကြားလိုက်ရသည့်အတွက် သည့်နေ့လည်း အစဉ်အလာမပျက် အရင်စံချိန်ကို ထိန်းထားတာပဲဟု တောက်ချက်ချနေကြပါ သည်။

'ကျုန်မမှာ ဘာလင်ငယ်မှမရှိဘူး၊ ရှင်နဲ့ယူမိလို့ အရက်သမား မိန်းမဖြစ်ရတာ၊ ဘာဖြစ်လဲ... အတင်းပြောတာ ပိုက်ဆံပေး ရတာမှတ်လို့ အခုလည်း လမ်းထိပ်မှာ ဟိုဘက်လမ်းက တစ်ခုလပ်မ ဗိုက်ကြီးတာ ဘယ်သူ့ဗိုက်လဲလို့ သွားမေးတာ အဲဒါ နီးနီးလေးမို့ တံခါးမပိတ်တာ'

'ဪ... သူ့ဘာသာသူ ဘာဖြစ်ဖြစ် နင့်အပူလား'

'မသိဘူးတော်ရေ... လေဥမှတ်လို့'

တင်ဦးမောင် အိမ်ပေါက်ဝမှာ ထိုင်နေရာကနေ ထလိုက် သည်။

'ခင်မမ... နင်နဲ့ ရန်ဖြစ်ရတာ ငါသောက်ထားတွေ ပြေကုန် ပြီ၊ ငါ့ကို တစ်စိတ်ဖိုး နှစ်ရာပေး'

ခင်မမက တင်ဦးမောင်ကို ဒေါသအကြည့်နှင့်ကြည့်ရင်း...

'သော်... လူကိုပြောတုန်းက ပြောပြီး အရက်ဖိုးတော့ ထပ် တောင်းသေးတယ် ဟုတ်လား၊ စတစ်ကာရိုက်ရအောင် မြို့ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းသွားယူပါဆိုတော့ နက်ဖြန်မှ ဘာမှနဲ့ အခု… အရက်ဖိုးတော့ တောင်းတယ်၊ မပေးဘူး'

'မပေးလို့ ရမလား၊ ငါရှာတဲ့ ပိုက်ဆံတောင်းတာ ဘာဖြစ်လဲ၊ ပေး… နှစ်ရာ'

'မပေးဘူး… နင်က ဘယ်လောက်ရှာပေးတာမို့လို့ လူကြားကောင်းအောင် ပြောနေတာလဲ'

တင်ဦးမောင်က ခင်မမကို ရုပ်ရှင်ဗွီဒီယိုတွေထဲက မင်းသားနှင့် မင်းသမီးရန်ဖြစ်သည့် အခါ မျက်စောင်းထိုးသလို ထိုးလိုက်ရင်းက…

'ခင်မမ… နင်… အရက်ဖိုး မပေးလည်းရတယ်၊ တင်ဦးမောင်တဲ့ အရက်ကို ဘယ်လိုသောက်ရမလဲ ဆိုတာ ငါ သိတယ်'

'သိရင်… ကြွ… ကြွ… ပြန်မလာလေ ကောင်းလေပဲ…'

'ငါ့ကို မနှင်နဲ့၊ လာဦးမှာ'

တင်ဦးမောင်က အိမ်ထဲမှ စက်ဘီးကိုထုတ်ပြီး နင်းချသွားပါသည်။ ခင်မမကတော့ ချစ်ခင်ပွန်းတင်ဦးမောင်ကို ပါးစပ်ကနေ မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့နေပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်းနေက မိုးရိပ်ကလေးတွေ ရှိနေသဖြင့် သိပ်မပူ။ ခင်မမတစ်ယောက် မနက်စာ ထမင်းစားပြီးသွားပြီဖြစ်သဖြင့် ဘယ်သွားပြီး အတင်းပြော စပ်စုရလျှင် ကောင်းမလဲလို့ စဉ်းစားနေမိသည်။

သူ့အစ်ကိုတွေရှိသော လမ်းကိုသွားပြီး သတင်း အတင်းများ သွားပြောရင် ကောင်းမလားဟု စိတ်ထဲမှ ချိတုံချတုံကလည်း ဖြစ်လို့နေသည်။ ယောကျ်ားဖြစ်သူ တင်ဦးမောင်လာမှပဲ သူစီးသွားသော စက်ဘီးကိုနင်းပြီး သွားတော့မည်ဟု ဆုံးဖြတ်ပြီး အိမ်ပေါက်ဝသို့ လှမ်းအကြည့်မှာ ဆိုက်ကားတစ်စီးက အိမ်ရှေ့မှာ ရပ်လိုက်တာကို မြင်ရသည်။

ဆိုက်ကားပေါ်မှ ဆင်းလာသူကို သေသေချာချာ ကြည့်လိုက်သောအခါ လင်တော်မောင် တင်ဦးမောင် ဖြစ်လို့နေသည်။

တင်ဦးမောင် အတော်မူးနေပုံရသည်။ ကိုယ့်ခြေထောက်ဆောင် ကိုယ်မနိုင်။ စီးသွားသော စက်ဘီးလည်း ဘယ်မှာကျန်ခဲ့မှန်းမသိ။ ဘာဖြစ်လို့ သည်လောက်တောင် သောက်လာရသလဲ ဘယ်သူအများ သည်လောက် တိုက်လွှတ်လိုက်သလဲဆိုပြီး ဒေါသတွေ တရိပ်ရိပ် တက်လာတော့သည်။

'ခင်မမ… ရော့၊ ဒီမှာ အပေါင်လက်မှတ်'

ဒယီးဒယိုင်နှင့် အိမ်ပေါ်သို့ တက်လာသော တင်ဦးမောင်က အကျီအိတ်ကပ်ထဲမှ အပေါင်လက်မှတ်စာရွက်ကို ခင်မမအား လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

'ဒီ... အပေါင်လက်မှတ်က ဘာလုပ်ဖို့လဲ'

'ဘာလုပ်ရမှာလဲ... စက်ဘီးပြန်ရွေးပေါ့၊ နင်က ငါ့ကို နှစ်ရာမပေးလို့ ရေစက်(၂)လမ်းထိပ်က သုခဝတီအပေါင်ဆိုင်မှာ တစ်သောင်းနဲ့ပေါင်ပြီး စားတော်ဆက်မှာ ကောင်းကောင်းစား၊ ကောင်းကောင်းသောက်လိုက်တယ်၊ နင်က နှစ်ရာမှ မပေးချင်တာကိုး... သွား... ပြန်ရွေး'

'ဘာ... စက်ဘီးကို ပေါင်ပြီး စားတော်ဆက်မှာ အရက်သောက်ပစ်တယ် ဟုတ်လား'

အပေါင်လက်မှတ်ကို ကိုင်ထားရင်း လက်တစ်လော ဆတ်ဆတ်တုန်နေသော ခင်မမ တစ်လမ်းလုံးကြားမတတ် အော်ပြောလိုက်ပါသည်။

ခင်မမအသံကြောင့် မကြာတော့မည့်အချိန်မှာ နေ့လယ်ခင်းတေးသံသာ စတင်တော့မည်ဟု မိဖုရား(၃)လမ်း လမ်းသူလမ်းသားများ သိလိုက်ကြပါပြီ။

'ဟဲ့... အကောင်၊ နင်က ငါ့ကို ရွဲ့တာလား၊ သွားပါပြီကြားလို့ကောင်းသေးရဲ့လား၊ ငွေနှစ်ရာမပေးလို့ စက်ဘီးပေါင်ပြီး သောက်တယ်တဲ့'

'စကားမများနဲ့ ခင်မမ... အဲဒါသတင်း၊ ငါ့ရဲ့သတင်းကို



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးရွေးရင်း နင့်အတွက် အတင်းပြောဖို့ ဖြစ်တာပဲဟာ ပိုတောင် ကောင်းသေး'

တင်ဦးမောင်က အိမ်ရှေ့ကြမ်းပြင်ပေါ် လှဲချလိုက်ပါသည်။

'အိမ်ရှေ့မှာ မလှဲနဲ့၊ ကျက်သရေယုတ်တယ်၊ ထစမ်းပါဦး၊ ထပါဦး'

ခင်မမက အတင်းဆွဲထူပါသည်။

'ဟဲ့အကောင်... နင်က ဘယ်သူ့အားကိုးနဲ့ ဒီလိုလုပ်တာလဲ၊ ငါ့မှာ ပိုက်ဆံမရှိရင် ဟိုလိုလှည့်ရ ဒီလိုလှည့်ရနဲ့ဟာ...'

'ခင်မမ ငါ မူးနေပြီနော်၊ ငါ အိပ်ချင်ပြီ ပြောချင်ရင် ငါ အိပ်ရာနိုးမှပြော၊ ပိုက်ဆံ မရှိဘူးလား၊ အခု... ဒီအိမ်ကို ရောင်းလိုက်၊ ဒါပဲ'

'ဘယ်သူ့ပိုက်ဆံနဲ့ ဝယ်ထားတာမို့လို့ နင်က ရောင်းခိုင်းတာလဲ၊ ငါ့အမေ အမွေပေးလို့ နင်... လူလိုသူလို နေနေရတာ သိလား'

'မသိဘူး... ငါ... အိပ်ချင်တာပဲ သိတယ်'

စကားတောင် မဆုံးပါ။

တင်ဦးမောင်တစ်ယောက် အိမ်ရှေ့ကြမ်းပြင်ပေါ် လှဲချလိုက်သည့် ခဏလေးမှာပင် အိပ်ပျော်သွားကာ ဟောက်တောင် ဟောက်နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်လို့ ဆူနေတာလဲ ခင်မမရဲ့'

လမ်းထဲသို့ မမြစိမ်းတစ်ယောက် အိမ်ရှေ့က ဖြတ်အလာ လှမ်းမေးလိုက်သဖြင့် ခင်မမက…

'လာပါဦး မမြစိမ်းရယ်၊ အိမ်က အမူးသမားပေါ့၊ စက်ဘီး ပေါင်ပြီး အရက်သောက်တယ်လေ'

'ဟဲ့… ဘာလို့ စက်ဘီးပေါင်ရတာလဲ'

'ပြော… မပြောချင်ပါဘူး မမြစိမ်းရယ်'

'ပြောစမ်းပါအေ… နေဦး… ငါ… လာပြီ'

'ဒီလို… မမြစိမ်းရေ… ဒီအမူးသမားက ×××××××××××
×××××××××× ××××××'

အိမ်ရှေ့ကြမ်းပြင်ပေါ် 'တခေါခေါ'ဟောက်ကာ အိပ်ပျော် နေသော တင်ဦးမောင်ဘေးနားမှာ ခင်မမနှင့် မမြစိမ်းတို့ နှစ်ယောက် ထိုင်ပြီး တင်ဦးမောင်ကို ကြည့်လိုက် သူ့အကြောင်း အတင်းပြောလိုက် နှင့် အခြားသောအကြောင်းအရာများပါ ပြောဆိုလို့ နေကြပါသည်။

တင်ဦးမောင်ကတော့ ကြားမည်မထင်။ အိပ်နေရင်း နတ်ပြည် ရောက်နေသလား အိပ်မက်တောင် မက်နေသလား မသိရေးချ မသိ။

*



www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင် ပွစိပွစိ အသံများကို ကြားနေရသည်။ အိပ်နေသောဘေးနားမှာ မည်သူတွေ လာစကားပြောနေသလဲလို့ ခေါင်းထဲရီဝေဝေဖြစ်နေသော တင်ဦးမောင် စဉ်းစားနေမိသည်။

ပွစိပွစိ စကားသံများနှင့် သူ့အား ခြားနားထားသည်မှာ တကယ့်နီးနီးလေး။ ထိုတကယ့် နီးနီးလေးအနားတွင် သူ့အတွက် သိက္ခာကျစရာ စကားတွေပြောနေလို့ဖြစ်သည်။ ထိုစကားတွေက သူ့စိတ်သိက္ခာကို ထိပါးနေသလို ဖြစ်သည်။

ဘာတွေဆက်ပြောမလဲ မျက်လုံးကို မဖွင့်သေးဘဲ မှိန်းနေရင်းက နားစွင့်နေမိသည်။

'သူ့ညီမ ပိုက်ဆံမရှိလည်း ကျွန်မက ပေးရတာပဲ'

'တင်ဦးမောင်ရဲ့ ညီမလင်က ပိုက်ဆံမရှာဘူးလား'

'သူလား ရှာမှာ၊ တင်ဦးမောင်လိုပဲ အရက်သမားဟာ၊ တစ်နေ့လုံး သောက်တာ ပြောမနေနဲ့'

'ဟဲ့… ဒါနဲ့… တင်ဦးမောင်ရဲ့ အစ်မဝမ်းကွဲ အပျိုကြီးကရော အခုဘယ်မှာလဲ'

'အဲဒီအပျိုကြီးက နှပ်ချေးငါးပိလုပ်စားတာ၊ ကိုယ့်ဘာသာကိုယ် ဝယ်မစားဘူး၊ အလှူတွေ့မှ တစ်နှစ်ပတ်လုံးစာအတွက် အဝစားတာ၊ ဘယ်ဆွေမျိုးသားချင်းကိုမှ မပေးဘူး'

'ဆိုးတာပေါ့ ခင်မမရယ်'



www.burmeseclassic.com

www.burmeseclassic.com



'တင်ဦးမောင်တို့ အမျိုးဆိုးတာကတော့ မပြောပါနဲ့၊ အဆိုးဆုံးက ကျွန်မလေ… တင်ဦးမောင်ကို ယူမိတာပဲ'

'ခင်မမ… ဘာပြောတယ်'

အိပ်ချင်ယောင်ဆောင်ပြီး နားထောင်နေသော တင်ဦးမောင် ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့။ မိန်းမဖြစ်သူနှင့် အခြားတစ်ယောက် သူ့အကြောင်း အတင်းပြောနေတာ ရစရာမရှိတော့။

'လင်… အိပ်နေတာကို ဘေးနားထားပြီး နင်မို့လို့ အတင်းပြောရက်တယ်၊ သြော်… မမြစိမ်း ခင်ဗျားကိုး'

တင်ဦးမောင်က သေသေချာချာကြည့်လိုက်တော့မှ အရက်ဆိုင်စောင့် မမြစိမ်းမှန်း သိလိုက်ရသည်။

'ခင်မမ… နင်တို့က ဘယ်အချိန်ကတည်းက အတင်းပြောနေတာလဲ၊ အရက်ဆိုင်စောင့် မမြစိမ်းနဲ့ဆိုတော့ ငါ့အကြောင်းက ရစရာရှိတော့မှာမဟုတ်ဘူး'

'ဒီမှာ ကျုပ်နဲ့ မမြစိမ်းတို့နှစ်ယောက် ရှင်မူးပြီး အိပ်ကတည်းက ပြောနေတာ ရေသောက်ချိန်တောင် မရှိဘူး'

'သွားပါပြီ… ငါ့သိက္ခာတွေတော့ ရစရာမရှိတော့ပါဘူး ခင်မမ နင်တော့ တွေ့မယ်၊ တင်ဦးမောင်တဲ့ တစ်မောင်တည်းရှိတယ်'

တင်ဦးမောင် ဒေါသတွေက မမြစိမ်းကို ကြည့်ပြီး ပိုမိုလို



www.burmeseclassic.com

www.burmeseclassic.com



ခံါသထွက်သွားပါသည်။

ဘာအလုပ်မှ မလုပ်ဘဲ ရုပ်ကွက်ထဲ အိမ်ပေါက်စေ့လည် အတင်းလိုက်ပြောနှင့် ကိုယ်နှင့်ဆိုင်သလား မဆိုင်သလား မသိ။

'မမြစိမ်း… အခု… ကျုပ်ရဲ့ အတင်းတွေကို ခင်ဗျားက ရေမသောက်၊ အပေါ့မသွားဘဲ နားထောင်ရင်း ဘယ်သူတွေကို ဖောက်သည်ချဦးမှာလဲ'

'ငါ့ဘာသာ… ငါ ဘယ်သူ့ကိုပဲ ပြောပြော၊ နင့်မိန်းမက နင့် အကြောင်းမှ မပြောရရင် စားမဝင် အိပ်မပျော်ဖြစ်တယ် လေ၊ ဒါကြောင့်… ငါ နားထောင်ပေးရတာ'

မမြစိမ်းက ခင်မမကို ကြည့်လိုက်ရင်း…

'ခင်မမ… ညနေခင်း တေးသံသာကို နင်တို့ လင်မယား နှစ်ယောက် ကလေးတွေ ကျူရှင်သွားနေတုန်း ဆက်ဖြစ်ပေတော့၊ ငါကတော့ ဒီနေ့မှ သိရတဲ့ သတင်းအသစ်အတွက် ပြန်လည် ဖြန့်ဝေလိုက်ဦးမယ်'

မမြစိမ်းက အိမ်ပေါ်ကနေ ခပ်သုတ်သုတ် ဆင်းသွားပါသည်။

'သြော်… ခင်မမ… နင်က ကလေးနှစ်ယောက်ကိုတောင် ကျူရှင်လိုက်မပို့ဘဲ ဟို… အရက်ဆိုင်စောင့်တဲ့ မမြစိမ်းနဲ့ ငါ့အကြောင်း အတင်းပတင်း ထမင်းမစား၊ ဟင်းမစားနိုင် လောင်အောင်ကို ဖြစ်ရတယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ထမင်းစား ရေသောက်ပြီးမှပြောတာ ဘာဖြစ်လဲ'

'ဘာဖြစ်လဲ… ဟုတ်လား၊ အေး… တွေ့မယ်၊ နင်ကော အဲဒီ အရက်ဆိုင်စောင့် မမြစိမ်းပါတွေ့မယ်၊ သူများအတင်းပြောဖို့ ဝါသနာပါဖို့ ဘုရားသခင် ဘယ်လိုဖန်ဆင်းပေးသလဲ မသိဘူး၊ တွေ့မယ်၊ ငါ ပြန်လာဦးမယ်'

ကောက်ခါငင်ကာနှင့် ဒေါသတကြီး တင်ဦးမောင်က အိမ်ပေါ်ကနေ ပြေးဆင်းသွားပါသည်။

*

မိဖုရား (၃)လမ်း ရပ်ကွက်သူ ရပ်ကွက်သားတွေကတော့ သူတို့အဖို့ ဤယနေ့မှာ ညနေခင်း တေးသံသာက အရင်နေ့လို မေ မရှည်ဘဲ တိုသဖြင့် အားမလို အားမရဖြစ်နေကြပါတော့သည်။

*

တီဗွီက လာနေသော ကိုရီးယား ဇာတ်လမ်းတွဲ ဇာတ်ကားက ပြီးလို့ ညဆယ်နာရီတောင် ခွဲပြီ ဖြစ်သည်။

သမီးနှစ်ယောက်စလုံးတောင် အိပ်ရာထဲရောက်လို့ အိပ်ပျော်ကုန်ကြပြီ။

သို့သော် သမီးနှစ်ယောက်၏ ဖခင်ဖြစ်သော ခင်မမ၏ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



တင်ဦးမောင်ကတော့ ယခုထိ အိမ်ပြန်မရောက်လာသေးပါ။

ဇနီးဖြစ်သော ခင်မမခများလည်း ညနေခင်းကတည်းက ထွက်သွားပြီး ပြန်မလာသေးသည့် ယောက်ျားဖြစ်သူကို အတော်မျှော်နေရှာပါသည်။ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း အိပ်ပျော်လို့ ဟောက်တောင် ဟောက်နေပါသေးသည်။

မိဖုရား(၃)လမ်း တစ်လမ်းလုံးလည်း တိတ်ဆိတ်လို့နေသည်။ တချို့အိမ်တွေဆိုလျှင် မီးမှိတ်ပြီးအိပ်သည့်အိမ်တောင် အိပ်နေပြီ ဖြစ်သည်။ ထိုအချိန်မှာပဲ ခင်မမ အိမ်ရှေ့သို့ လူတစ်ယောက်က ဒယိမ်းဒယိုင်ဖြင့် ခပ်သုတ်သုတ်ပြေးလာကာ အိမ်ရှေ့သို့ ရောက်သောအခါ ဖွင့်ထားသော တံခါးကနေ အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။

'ခင်မမ… ခင်မမ… အရေးထဲ အိပ်နေတယ်၊ ထစမ်း… ငါ့ကို ဓားပေးစမ်း၊ ဒီကောင့်ကို ငါသတ်မယ်'

တိတ်ဆိတ်နေသောညဝယ် တင်ဦးမောင်၏ အရက်မူးသံကြီးနှင့်အော်ပြောသံကြောင့် ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေသော ခင်မမသာမက အနီးအနား အိမ်တွေပါ နိုးလာကြသည်။

'ဘယ်လိုဖြစ်တာလဲ… ဒီလောက် အော်ကြီးဟစ်ကျယ်နဲ့ သေးအိမ်တွေ ဘာတွေ အားနာပါဦး'

ခင်မမက အိပ်မှုန်စုန်ဖွားနှင့် လှမ်းသတိပေးပေမယ့် တင်ဦးမောင်က…



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေ ငါမသိဘူး… ငါ့ကို ဓားပေးစမ်း ဒီကောင့်ကို ငါ သတ်မယ် ဘယ်မှာလဲ ဓား'

'ရှင်… ရှင်… ဘယ်သူနဲ့ ရန်ဖြစ်လာလို့ ဒီလောက် ဒေါသတွေ ကြီးနေတာလဲ၊ တစ်နေ့လုံးလည်းသောက်နေတာ၊ အခု လည်း ဘယ်ကနေ မူးပြီး ပြန်လာရင်းက ဘာဖြစ်ပြန်ပြီလဲ ကျွန်မသာ သေလိုက်ချင်တော့တယ်'

'နင်သေမယ်ဆို နောက်မှသေ၊ အခု… ဒီကောင့်ကို ငါသတ် မယ်၊ ဒီကောင့် ငါ့ကို ညတိုင်းနှောင့်ယှက်တာများပြီ'

ပြောပြောဆိုဆိုနှင့် တင်ဦးမောင်က အိမ်နောက်ဖေးသို့ ပြေး သွားကာ ဟင်းချက်သည့် နေရာမှ ဓားမကိုယူပြီး အိမ်ရှေ့သို့ ပြန် ထွက်လာသည်။

'ရှင်… ဘယ်သူနဲ့ ဖြစ်တာလဲ၊ မူးမူးရူးရူးနဲ့ ဒုက္ခပဲနော်' ခင်မမ၏ ကျယ်လောင်သော စကားသံကြောင့် အိပ်ပျော်နေ သော သမီးနှစ်ယောက်လည်း အိပ်ရာမှ နိုးလာကြသည်။

'ဒုက္ခပါပဲ… ဓားမကိုင်ပြီး ဆင်းသွားပြီ၊ ကိုတင်ဦးမောင် … ကိုတင်ဦးမောင်… နေဦး'

အိမ်ပေါ်မှ ပြေးဆင်းသွားသော တင်ဦးမောင်နောက်သို့ ခင် မမက နောက်ကနေ ပြေးလိုက်လို့သွားသည်။

အနီးနားအိမ်တွေကလည်း ဘာတွေဖြစ်သလဲဆိုပြီး လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြည့်သူကြည့်နှင့်…

တင်ဦးမောင်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဓားမကို ကိုင်၍ ရှေ့က သွားနေသည်။ ခင်မမက နောက်ကနေ အော်ပြော တာကိုတောင် ဂရုမစိုက်။

*

ခင်မမ နောက်ကနေ ချစ်လင် တင်ဦးမောင်နောက် ပြေးလိုက်နေရင်းမှ တစ်ခါဖူးမှ အရက်သောက်ရင် ယခုလိုမျိုး ဒေါသမဖြစ်ဖူး၊ ညီသူနှင့်မှ ရန်မဖြစ်ဖူးဘဲ ယခုမှ ဘယ်လိုဖြစ်လို့ ဒေါသတွေပေါက်ကွဲကုန်သလဲ ဆိုတာ စဉ်းစားလို့မရဖြစ်နေသည်။

တင်ဦးမောင်က လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ဓားမကို လေထဲသို့ ဝှေ့ယမ်းလိုက်ရင်းက ရေစက်(၂)လမ်းဆိပ် အရက်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

အရက်ဆိုင်က ဆိုင်ပိတ်ထားပြီး ဆိုင်ရှေ့တွင် မီးလုံးတစ်လုံးသာ ဖွင့်ထားသည်။

'ဟေ့ကောင်… မင်းထွက်ခဲ့စမ်း၊ မင်းကို ငါသတ်မယ်၊ မင်းက… ငါ့ကို စော်ကားတာများနေပြီ၊ ဟေ့ကောင်… မင်း ထွက်ခဲ့'

တင်ဦးမောင်က ဆိုင်ရှေ့မှ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မှ ဆိုင်ထဲကိုကြည့်ပြီး စိန်ခေါ်နေသည်။

'ရှင်... တော်တော့၊ ဆိုင်ကပိတ်ထားတာ၊ ဘယ်သူမှမရှိတာ ဘာဖြစ်လို့ ဘယ်သူ့ကို စိန်ခေါ်နေတာလဲ၊ လာ... ပြန်မယ်... လာ'

'ခင်မမ... ငါ့ကိုမဆွဲနဲ့၊ ပြဿနာတွေ တက်သွားမယ်နော်၊ ဒီကောင် တရားလွန်နေပြီ၊ ငါ့ကို စော်ကားတာ များနေပြီ၊ ဒီကောင့်ကို ငါသတ်မယ်'

ခင်မမက တားပေမယ့် တင်ဦးမောင်က အလျှော့မပေးဘဲ ပိတ်ထားသော အရက်ဆိုင်ထဲသို့ ကြည့်ပြီး စိန်ခေါ်နေပြန်သည်။

ထိုအချိန်မှာပဲ အရက်ဆိုင်အတွင်းထဲမှ မီးများလင်းလာပြီး တံခါးတစ်ချပ် ပွင့်လာလေသည်။ အင်္ကျီအစိမ်းရောင် ဝတ်ထားသော အမျိုးသမီးတစ်ဦးက စိန်ခေါ်နေသော တင်ဦးမောင်ကို ကြည့်လိုက်သည်။

'ဘာကိစ္စနဲ့ ညစောင့်အိပ်နေတဲ့ ငါ့ဆိုင်ရှေ့မှာလာပြီး စိန်ခေါ်နေတာလဲ'

'မမြစိမ်း... ခင်ဗျားကိစ္စ မဟုတ်ဘူး၊ ခင်ဗျားဘာသာနေ'

တင်ဦးမောင်က ဆိုင်အထဲသို့သာ လှမ်းကြည့်နေပါသည်။ ခင်မမလည်း ဆိုင်ထဲမှာ ဘယ်သူရှိသလဲကြည့်တော့ ဘယ်သူမှမရှိ။

'မသိပါဘူး မမြစိမ်းရယ်၊ သူ့ကို စော်ကားတယ်၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီး ဓားမယူပြီး ထွက်လာလို့ လိုက်လာတာ၊ ဘယ်သူနဲ့ ဘာဖြစ်သလဲ မသိဖူး’

ခင်မမက ဆိုင်ညစောင့် မမြစိမ်းကို ရှင်းပြပါသည်။

‘ဟော့ကောင်… ထွက်ခဲ့စမ်း၊ ဘာလဲ ကြောက်နေပြီလား’

တင်ဦးမောင်က အသံကျယ်ကြီးဖြင့် ဆိုင်ထဲသို့ ကြည့်ပြီး စိန်ခေါ်နေပြန်ပါသည်။

ထိုအချိန်မှာဘဲ မထင်မှတ်စရာကောင်းသော အကြောင်းအရာ အစ်ခုက ဖြစ်ပေါ်လာသည်။

အရက်ဆိုင်ထဲမှ ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင်အူလိုက်ပြီး ကောင်ရင်းမှ ဆိုင်ရှေ့သို့ အမြီးလေး နန့်ကာ နန့်ကာနှင့် ထွက်လာပါသည်။

‘တွေ့ပြီ… သေပေတော့ကွာ’

‘ဟဲ့… တင်ဦးမောင်၊ အဲဒါ… ငါ့ခွေး’

‘ကိုတင်ဦးမောင်… ရှင် ဘာလုပ်တလဲ’

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ ဆိုင်ထဲမှထွက်လာသော ခွေးကိုကြည့်ပြီး တင်ဦးမောင်က ဓားမနှင့်လိုက်ခုတ်သည်။ မမြစိမ်းနှင့်ခင်မမက နောက်ကနေ လိုက်တားနှင့် ခွေးကလည်း ကြောက်ကြောက်လန့်လန့်နှင့် ထွက်ပြေးတာ ဘယ်နေရာရောက်သွားသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



'အခုတော့လည်း မင်း... သိပ်ကြောက်တတ်ပါလားကွ၊ သတ္တိမရှိဘူးလား'

'ကိုတင်ဦးမောင်... နေပါဦး၊ ဘယ်လိုဖြစ်တာလဲ၊ ကျွန်မကို ရှင်းပါဦး'

တင်ဦးမောင်က ခင်မမကို ကြည့်ရင်းက...

'အဲ့ဒီ ခွေးဝဲစားက ညတိုင်း ငါ့ဒီဆိုင်ရှေ့က ဖြတ်ပြန်တိုင်း ဟောင်တယ်၊ နေ့ခင်းဆိုလည်း နေ့ခင်းမို့လို့ ငါကြည့်နေတာကြာပြီ၊ ငါ့ကို ဘယ်အချိန်မမြင်လိုက်နဲ့ မြင်တာနဲ့ ဟောင်ပြီ၊ ဒီညလည်း ဒီအတိုင်းပဲ၊ ငါ့ကို ကိုက်မလို့တောင်လုပ်တာ ဒါနဲ့ အိမ်မှာ ငါဓားလာယူတာ'

တင်ဦးမောင်၏ စကားမဆုံးခင် ခင်မမတစ်ယောက် ညမှောင်မှောင်မှာ ဒေါသတွေ ပေါက်ကွဲကုန်ပါတော့သည်။

'ရှင်... ရှင်... အရူး... ဘာမှ မဟုတ်တဲ့ခွေးနဲ့တောင် ဖက်ဖြစ်တယ်၊ မသိပါဘူး... ကျွန်မကတော့ ဘယ်သူနဲ့များ ရန်တွေဖြစ်လို့ ဓားဆွဲတုတ်ဆွဲဖြစ်ရသလဲဆိုပြီး စိတ်ပူသောက တွေရောက်ရတာ... ရှင်... တွေ့မယ် ကြားလို့ကောင်းကြ သေးရဲ့လား၊ ခွေးကို ဓားမကိုင်ပြီး စိန်ခေါ်တဲ့ သတ္တိရှင်ကြီး လေ... လာ.. ရှင်လာ'

ခင်မမက တင်ဦးမောင်ကို ဆွဲခေါ်နေတုန်းမှာပဲ အရက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စောင့် မမြစိမ်းက တင်ဦးမောင်အား စူးစိုက်ကြည့်ရင်းက…

'တင်ဦးမောင်… နင်က ငါရဲ့မွေးထားတဲ့ခွေးကို မထိလို့ပေါ့ဟာ၊ ထိလို့က မိုးမီးလောင်သွားမယ်၊ ဒီခွေးက ငါမွေးထားတဲ့ခွေး… ဒီခွေးဟာ ငါ့ဘဝ… တွေ့မယ်၊ ဒီသတင်း နက်ဖြန် အရပ်ထဲ ဖွကို ဖွပစ်ရမယ်'

မမြစိမ်းက တင်ဦးမောင်၏ အနီးနားမှ ထွက်သွားရင်းက…

'ဂုတ်ကျားရေ… အို… အို…၊ ဂုတ်ကျားရေ… အို… အို…'

'အဲဒီ ငါ့ဘဝဆိုလည်း အဲဒီခွေးကို ခင်ဗျား ယူလိုက်ပါလား'

'ဘာပြောတယ်'

'ကဲ… လာပါ… ကိုတင်ဦးမောင်ရယ်'

'မမြစိမ်း… သူ မူးနေလို့ပါ'

'လာ… လာ… ရှင်တော့လေ… ပေး… အဲဒီဓားမ'

'ငါ့ကိုမတွဲနဲ့… ငါ မမူးဘူး'

'သိတယ်… ချော်လဲမှာစိုးလို့၊ ရှင်… အိမ်ရောက်မှ တွေ့မယ်'

'ဟဲ့… ငါ့ဗိုက်ခေါက်ကို မလိမ်နဲ့'

'လိမ်တယ်… ငြိမ်ငြိမ်နေ… ရှင်နော်'

ညမှောင်မှောင်မှာ လင်ဖြစ်သူ တင်ဦးမောင်ကို လက်ထဲဓားမ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာတွဲပြီး ပြန်လာသော ခင်မမအား လမ်းထဲကလူတွေက ကောင်းချီးပေးသလို ထွက်ကြည့်နေကြပြီး အိမ်သို့ရောက်သောအခါ သမီးနှစ်ယောက်က အိမ်ရှေ့ ကြိုနေကြပါသည်။

*

ထို့နောက်တော့ နေစဉ် မရိုးအီရသော ညပိုင်းတေးသံသာအဖြစ် နောင်ဂျိန်ပွဲက စပါလေတော့သည်။ ခင်မမက သူ့လင်တော်မောင် တင်ဦးမောင်အဖြစ်ကို ပြောပြောပြီး ရန်ဖြစ်တာ ခွေးကိုစိန်ခေါ်ပြီး ဓားနှင့်ခုတ်ဖို့လုပ်သော တင်ဦးမောင်၏အကြောင်းကို လမ်းသူလမ်းသားများ သိကုန်ကြပါတော့သည်။

*

သည့်နေ့ထိ မိဖုရား (၃)လမ်းမှာ တင်ဦးမောင် မပြစ်မိမ်းမွေးစားထားသောခွေးကို စိန်ခေါ်သည့်သတင်းက ပြောမဆုံးနိုင်အောင် ရှိနေပါသေးသည်။

*



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်ပါဘူး
မြင်စရာလိုပါသလား။
ကြားလို့မှ မကောင်း
ခုပါသကာ နှီးတွန်ဆော်
သူ့ထက်သူသာမှာ ကြောက်လို့
မြင်သတဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

## ခွဲရေးတွဲရေး (၄)လမ်း

ထိုလမ်းက လမ်းတစ်ခြမ်းသာရှိသည်။ အခြားဘက်တစ်ခြမ်းမှာက ရပ်ကွက် အလယ်တန်းကျောင်း ရှိသည်။

ထိုလမ်းကို မည်သူက ခွဲရေး တွဲရေး(၄)လမ်းဟု အမည်ပေးသတ်မှတ်ခဲ့သလဲ မသိပါ။

သို့သော် ထိုနာမည်တွင်ရခြင်းက သူ့ဟာနှင့်သူတော့ တွေးမိပြီး ပြုံးကြပါသည်။

လမ်းက တစ်ခြမ်းတည်းရှိပေမယ့် လမ်းသူလမ်းသားအချင်းတစ်အိမ်နှင့်တစ်အိမ် အမြင်မကြည်လင်ကြ။

ကိုယ့်အစုနှင့်ကိုယ်ဖြစ်နေပြီး အဖွဲ့တစ်ဖွဲ့က သာရေးနာရေးကိစ္စလုပ်လျှင် အခြားတစ်ဖွဲ့က ဘာသိဘာသာ နေလေ့ရှိသည်။

ဥပမာ တန်ဆောင်တိုင် မီးထွန်းသည့်အခါမျိုးတွင် လုပ်လေ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထရှိသည့် လမ်းရာအိမ်မှူးနှင့် လမ်းသူလမ်းသား အဖွဲ့တစ်ဖွဲ့က ဆိုင်စိုက်၊ မီးကြိုးသွယ်တန်း အစစ အရာရာ အောက်ခြေသိမ်းလုပ်နေပေမယ့် လမ်းအစွန်ဘက်အခြမ်းက ဘာမှဝိုင်းမလုပ်ဘဲ နေတာမျိုးရှိသည်။ အလှူခံလျှင်တောင်မှ ငွေနှစ်ရာထက် ပိုမထည့်။

ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲမှာ လမ်းအလိုက် ဆင်းတုတော် တစ်ဆူစီ ပူဇော်သည့်အခါကျပြန်တော့ လမ်းမီးထွန်းပြီး ဆောင်ရွက်သည့်အဖွဲ့က လှည့်ကိုမကြည့်။ လမ်းအစွန်ဘက်အခြမ်းအစုက ဦးဆောင်သည်။

သည်လိုပဲ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲကိစ္စမျိုးကျပြန်တော့ လမ်းအလယ်ခြမ်းက အစုက ဦးဆောင်ပြန်သည်။ ဆုပေးငွေလိုလျှင် ကိုယ့်အိတ်ထဲက စိုက်ပေးသည်။

ထိုသို့ လမ်းတစ်ခြမ်းတည်းရှိပြီး အဖွဲ့လိုက်ကွဲနေသဖြင့် ခွဲရေးတွဲရေး(၄)လမ်းဟု အမည်ထွင်လာခြင်း ဖြစ်သည်။

*

ခွဲရေး တွဲရေး(၄)လမ်းတွင် ရပ်မိရပ်ဖဟု ဆိုရမည့် လူရှိသေးရှင်ရှိသေ အဘိဓမ္မာဆရာဦးဘကျော်ဆိုသော ဘုရားကိုးဆူ ဆရာတော်ဦးရှိသည်။

ရပ်ကွက်ဓမ္မာရုံဂေါပကအဖွဲ့ဝင် တစ်ဦးလည်းဖြစ်ပြီး အလှူခံ



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်တွင် မရှိမဖြစ် နိဗ္ဗာန်ဆော်ဥပါသကာလည်း ဖြစ်သည်။

ဘုရားကိုးဆူဆရာပီပီ အဟောအပြောကောင်းသောကြောင့် ရပ်ကွက်ထဲ ရပ်ရေးရွာရေး အလှူခံမည်ဆိုလျှင် ဦးဘကျော်က မရှိမဖြစ်ဟု ဆိုရပေမည်။

ဦးဘကျော်တွင် လက်ရုံးတပည့်နှစ်ယောက် ရှိသေးသည်။ ဘုရားကိုးဆူပင့်ဖိတ်ဟောပြောဖို့ သွားတိုင်း ထိုတပည့်နှစ်ယောက်က မပါလျှင် မပြီး၊ တစ်ယောက်က ကိုရင်လူထွက် ချက်ကြီးဖြစ်ပြီး ကျန်တစ်ယောက်က ဖိုးသူတော်လူထွက် သာဂိဖြစ်သည်။ သူတို့နှစ်ဦးစလုံးက ဦးဘကျော်ကို ဆရာတင်ရုံသာမက သူတို့၏ ကျေးဇူးရှင်ဟုလည်း သတ်မှတ်ထားသေးသည်။

ထို့အပြင် သည်တပည့်နှစ်ယောက်အဖို့ ဦးဘကျော်အိမ်တွင် နေ့စဉ်မပြတ်ရှိပြီး ခိုင်းသမျှ မညည်းမညူ အောက်ခြေသိမ်းကအစ ကျေကျေနပ်နပ်ကြီး လုပ်ပေးရသည့်အကြောင်းရင်းကလည်း ရှိပြန်သေးသည်။

ထိုအကြောင်းအရာကတော့ ဦးဘကျော်၏ တစ်ဦးတည်းသောသမီး ရှင်ပြုပွဲများမရှိသဖြင့် ကွမ်းတောင်မကိုင်ဘဲ မင်္ဂလာဆောင်ညှိခံပွဲများတွင် လက်ဖွဲ့ပေးသည့်နေရာ၌ အမြဲတမ်းထိုင်ရသော မသည်းမြအား နှစ်ယောက်လုံးက ချစ်ခင်စုံမက်နေခြင်းဖြစ်သည်။

မသည်းမြနှင့် ဦးဘကျော်တို့နှစ်ယောက်၏ မျက်နှာသာရဖို့



www.burmeseclassic.com

www.burmeseclassic.com



အရေး တစ်ယောက်နှင့် တစ်ယောက် အပြိုင်ကြီးပမ်းနေကြခြင်းလည်း ဖြစ်သည်။

*

ဇာတ်လမ်းက ရပ်ကွက်မဏ္ဍာရဲ့ ပဋ္ဌာန်းပွဲမှ စသည်ဟုပဲ ပြောရပေတော့မည်။

*

'အို… ဗြဟ္မဒတ်မင်းကြီး… သင်မင်းကြီးတောင်းသည့် အရာ၊ ငါ့သမီးတော် ရတနာကို လွယ်ကူစွာ မပေးနိုင်ဘူး၊ ဟင်းရွက်ကန်စွန်းမဟုတ်ဘူး၊ ခဲယဉ်းသော ဥပါယ်တံမျဉ်ကို ပြုပြီးမှ ငါပေးမယ်…

ဩော်… ဟုတ်ကဲ့ ပဋ္ဌာန်းပွဲတော်မြတ်ကြီးအတွက် စေတနာ အလှူရှင်တစ်ဦးက အနန္တော၊ အနန္တငါးပါး ဦးထိပ်ထားပြီး သကာလ ပူဇော်တာက အလှူတော်ငွေငါးရာကျပ်ပါတဲ့ သာဓု… သာဓုပါ လိုရာဆန္ဒတွေ ကြီးစားရင်းနဲ့ ပြည့်စေ'

ရပ်ကွက် မဏ္ဍာရဲ့ပဋ္ဌာန်းပွဲအတွက် မဏ္ဍာရဲ့ရှေ့က အလှူခံမဏ္ဍပ်မှာ နိဗ္ဗာန်ဆော် ဥပါသကာလုပ်ဖို့ ဦးဘကျော်တစ်ယောက် ရောက်လာသောမှာ အလှူခံမဏ္ဍပ်ထဲမှာ သူနှင့်အတူ ရွယ်သူတစ်ဦးက ဟော



www.burmeseclassic.com

www.burmeseclassic.com



ပြော အလျှုခံနေတာကို မြင်လိုက်ရပြီး နည်းနည်းတော့ စိတ်ကသိ ကအောက် ဖြစ်သွားပါသည်။

အမြဲတမ်း သူချည်းပဲ ဟောရင်း ပြောရင်းအလျှုခံပေးနေတာ ဘယ်လိုဖြစ်လို့ သည်နေ့ကျမှ အခုဟောပြောနေသော လူက ရောက် လာပါသလဲဟု စဉ်းစားရင်း အကဲခတ်နေမိသည်။

ပြောသည့် ဟောသည့် အသံနေ အသံထားကမညံ့၊ သူ့လိုမျိုး အဆွဲအငင် ဟောနိုင်ပြောနိုင်နေသောကြောင့် မရှိမဖြစ် သူ့နေရာကို လုမည့်သူတစ်ဦး ပေါ်ပေါက်လာပြီလားဟု တွေးနေသေးသည်။

'ဦးဘကျော်ရေ···အခု ဟောနေ ပြောနေတာကတော့ ကျွန် တော်တို့ ရပ်ကွက်ထဲက ဦးရှင်ကြီး တင်စားတဲ့ ဦးမြစိန်လေ အခုမှ ကျွန်တော်တို့မွှာရုံအတွက် အဖွဲ့ဝင်အသစ်ပေါ့၊ သူ လည်း အဟောအပြောကောင်းသားဗျ၊ ခင်ဗျားမလာခင် သူ ရောက်လာလို့ နိဗ္ဗာန်ဆော် လုပ်နေတာလေ··· ဟဲ··· ဟဲ··· ဦးဘကျော်နေရာတော့ ဦးမြစိန်က ဝင်ယူတော့မယ် ထင် တယ်'

ရပ်ကွက်မွှာရုံ ဥက္ကဋ္ဌဦးသာလှ စကားကြောင့် ဦးဘကျော် နည်းနည်းတော့ စိတ်ထဲ ကသိကအောက် ဖြစ်သွားပါသည်။

'အို··· မတူပါဘူးဗျာ၊ သူက ဦးရှင်ကြီး တင်စားတာ ကျုပ်က အဘိဓမ္မာဆရာ ဘုရားကိုးဆူပါဗျာ တူရန်ကော



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကျော် မဏ္ဍပ်ထဲမှ ဟောနေပြောနေသော ဦးမြစိန်ကို ကြည့်ရင်းမှ မျက်စောင်းထိုးဖြစ်အောင် ထိုးလိုက်ပါသည်။

*

ပြဿနာက နေ့လယ်ထမင်းစားချိန်။ မနက်ပိုင်း အလှူခံ မဏ္ဍပ် သိမ်းချိန်ရောက်မှ ဖြစ်သည်ဟု ပြောရပါလိမ့်မည်။

*

တစ်မနက်လုံး ဦးဘကျော်က နိဗ္ဗာန်ဆော်ဥပါသကာ မလုပ် ဘဲ ဦးမြစိန်ကချည်း ဒိုင်ခံဟောပြောပြီး အလှူခံနေသဖြင့် ဦးဘကျော် ဒေါသတွေက အတော်ပေါက်ကွဲနေပါသည်။ လူကြီးပီပီ ဒေါသကို မျိုသိပ်ထားသဖြင့် မည်သူမှ မရိပ်မိ။

'လာဗျို့… ဦးမြစိန်… ရေနွေးလေး ဘာလေး သောက်ဦး ပြီးမှ အိမ်မှာ ထမင်းပြန်စားပါ၊ လာဗျာ… လာ'

ဦးသာလှက မဏ္ဍပ်ရုံထဲမှာ ရေနွေးသောက်ဖို့ ဖိတ်ခေါ်ပါ သည်။ ဦးမြစိန်ကလည်း ဟောရင်း ပြောရင်း အာခေါင်ခြောက်တာ အတော်ဖြစ်သွားပါသည်။

'ဒီမှာ မိတ်ဆွေ စောစောက ခင်ဗျားမဏ္ဍပ်မှာ ဆုတောင်းတာက နည်းနည်းလွဲနေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းတစ်ခွက် သောက်ပြီးကာစ ရှိသေးသော ဦးမြစိန်ကို ဦးဘကျော်က ဝေဖန်လိုက်သဖြင့် ဦးမြစိန် နည်းနည်းတော့ ကသိကအောက် ဖြစ်သွားသည်။

'ဘာလွဲတာလဲဗျ'

'ခင်ဗျားက ဆုပေးတိုင်း သာဓု... သာဓုပါဗျာ လိုရာဆန္ဒတွေ ကြိုးစားရင်းနဲ့ပြည့်ပါစေ ဆိုတာလေ၊ လှူတဲ့လူက ကြိုးစားမှ လိုရာဆန္ဒပြည့်မယ့်သဘော ဖြစ်နေတယ်၊ လှူတဲ့လူ ထပ်လှူချင်လာအောင် ကိုယ်က ဆွဲဆောင်ရမယ် မဟုတ်လား'

ဦးမြစိန် စိတ်ထဲ ထောင်းခနဲ ဖြစ်သွားပါသည်။ သည်နေ့မှ မန္တာရုံအဖွဲ့ဝင်ဖြစ်ကာစရှိသေးသည်။ သည်လူက သက်သက်ဝေဖန်နေပြီဟု...

'မမှားဘူးဗျာ၊ မြတ်စွာဘုရားရှင်ကလည်း ဟောခဲ့တာပဲ၊ ဘယ်သူမှ မကြိုးစားဘဲနဲ့ မရဖူးတဲ့ မိမိကိုယ် မိမိကြိုးစားမှ သာ်လျှင် လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးရှိမယ်တဲ့၊ ဒါကြောင့် ကြိုးစားရင်းနဲ့ လိုရာပြည့်ပါစေလို့ ကျွန်တော် ဆုပေးတာ မလွန်ဘူး၊ မမှားဘူး၊ ဒါ ဗုဒ္ဓကိုယ်တော်ရှင် မြွက်ဟခဲ့တာ မှားတယ်ဆိုရင်တော့ ဟောဒီ မန္တာရုံမှာရှိတဲ့ ဗုဒ္ဓဆင်းတုတော်ကို စော်ကားသလို ဖြစ်နေမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကျော် နည်းနည်းတော့ ရှက်သွားပါသည်။ ဦးမြစိန်က အချက်အလက်နှင့် ရှင်းပြတာဖြစ်သဖြင့် ဘာပြောရမှန်းမသိ။

'ကျုပ်သွားမယ်… ညနေလည်း ခင်ဗျားဘာသာ ဆက်ပြီး ဟောပြီး အလှူခံပေတော့'

ဘာမပြော၊ ညာမပြောနှင့် ဓမ္မာရုံထဲမှ ဦးဘကျော်က ဒေါသ တကြီးနှင့် ထွက်သွားပါသည်။

'ဦးဘကျော်… ဦးဘကျော်… ဒီလူ ဘာဖြစ်သွားတာလဲ မသိဘူး'

ဓမ္မာရုံဂေါပက ဥက္ကဋ္ဌဦးသာလှက ဘယ်လိုမှ နားမလည်နိုင် အောင် ဖြစ်သွားပါသည်။

'သက်သက်ဗျာ… အသားလွတ် ကျွန်တော့်ကို လာဝေဖန် တာ၊ တော်တော် စိတ်ကောင်းနှလုံးကောင်း မရှိတဲ့လူ ဒါမျိုး မဖြစ်သင့်ဘူး ဥက္ကဋ္ဌရဲ့'

ဦးသာလှက ဦးမြစိန်စကားကို နားထောင်နေရင်းမှ ပြုံးလိုက် ရင်းက…

'အင်း… အမြဲတမ်း ဟောပြောနေကျ ဦးဘကျော်က သူမရှိ လို့ မဖြစ်ဘူးလို့ ထင်နေတဲ့အချိန်မှာ သူ့လိုပဲ အဟောအပြော ကောင်းတဲ့ ခင်ဗျားရောက်လာလို့ သူ့နေရာ ဝင်လုတယ် ထင်ပြီး ဒီလိုဖြစ်ရတာပဲ ဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ မတတ်နိုင်ဘူး ဉက္ကဋ္ဌရေ'

ဦးမြစိန်က သက်ပြင်းချလိုက်ရင်းမှ ရေနွေးကြမ်းတစ်ခွက်ကို သောက်ချလိုက်ပါသည်။

ပြဿနာက ထိုမျှနှင့်မပြီးပါ။ မွှောရုံပဋ္ဌာန်းပွဲအတွက် မဏ္ဍပ်မှာ အလှူခံစဉ် ကလပ်ပတ်လုံး ဦးဘကျော်နှင့်ဦးမြစိန်တို့ တစ်ယောက်နှင့်တစ်ယောက် စကားပြောရင်း ထေ့လုံးလေးတွေက ပါပါလာရင်းမှ မတည့်အတူ အလှူခံပုံစံမျိုးနှင့် တစ်ယောက်နှင့် တစ်ယောက် ရင်ထဲမှာ အစိုင်အခဲလေးတွေ ဖြစ်လာကြပါသည်။

ခွဲရေးတွဲရေး (၄)လမ်းထဲမှာ မထင်မှတ်သော အကြောင်းအရာတစ်ခုက ဖြစ်ပေါ်လာပါသည်။

ထိုအကြောင်းအရာ ဖြစ်ပွားစေဖို့ မိတ်ဆက်ပေးသူကတော့ မည်သူ ရှိပါမည်နည်း။

အရက်ဆိုင်စောင့် မမြစိမ်းပဲ ဖြစ်ပါသည်။

*

'မတင်မြင့်ရေ… ဆွမ်းတင်ဖို့ ဒီမှာ ငါ ခေါ်လာပြီဟေ့'

ကိုရီးယားဇာတ်လမ်းတွဲ ညခုနစ်နာရီမှာ စပြနေသည့် အချိန်တွင် ခွဲရေး တွဲရေး (၄)လမ်းတွင် နေထိုင်သော မတင်မြင့်တို့အိမ်သို့ မမြစိမ်းက ဦးရှင်ကြီးစင်ကို ထမ်းလာသော လူငယ်တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးရှင်ကြီးတင်မည့် လူကြီးတစ်ဦးကို ခေါ်လာပါသည်။

'ဒါဆို… အိမ်ပေါ်ခေါ်လိုက်လေ၊ အုန်းသီးတွေ၊ ငှက်ပျော သီးတွေ၊ မုန့်ဆမ်းတွေ စားပွဲခုံပေါ်မှာ အဆင်သင့်ပြင်ထား တယ်'

'ဦးလေး ဦးမြစိန်၊ အိမ်ပေါ်တက်… လာ… လာ…'

မမြစိမ်းက ဦးမြစိန်ကို ဦးဆောင်ပြီး အိမ်ပေါ်သို့ ခေါ်လာခဲ့ သည်။ အိမ်ရှေ့မှာတော့ လူငယ်က ဦးရှင်ကြီးစင်ကို ပြင်လို့နေသည်။

'သားရေ… ပြီးရင်… အိမ်ပေါ်မှာ အုန်းသီးခွဲပြီးလာခြစ်ဦး ဟေ့…'

'ဟုတ်ကဲ့… အဖေ'

ဦးရှင်ကြီးစင်ကို ပြင်နေသော လူငယ်က လှမ်းပြောပြီး အိမ် ပေါ်သို့ တက်လာသည်။

'မတင်မြင့်ရေ… ဦးမြစိန်က ဦးရှင်ကြီးတင်တာ အသံသိပ် ကောင်းတာ…'

'ကျေးဇူးပါပဲတော်… အရင်ဦးရှင်ကြီး မတင်ဖူးဘူး၊ ဖေဒင် က အခုမှ လုပ်ရမယ်ဆိုလို့'

'ကောင်းတာပေါ့ကွယ်၊ ဆွမ်းတင်တယ်ဆိုတာ အန္တရာယ် ကင်း ဘေးရှင်းတာပေါ့'

ဦးမြစိန်က သပြေပြန်းများကို ရေဆေးနေရင်းမှ ပြောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောသီးများကို အခွံခွာပြီး ပန်းကန်ပြားတွေထဲ ထည့်နေသည်။

အားလုံး ပြင်ဆင်ပြီးသွားသောအခါ ဦးမြစိန်က ငှက်ပျောသီး၊ မုန့်ဆမ်းပန်းကန်တွေရော၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေအား ဦးရှင်ကြီးစင်ပေါ်မှာ နေရာချပြီး ပြင်ဆင်နေသည်။

'ကဲ… အိမ်သားတွေ၊ စင်ရှေ့မှာ ဖျာခင်း လက်အုပ်ချီပြီး ဆုတောင်းလေ'

မတင်မြင့်တို့ မိသားစုတွေ ဦးရှင်ကြီးစင်ရှေ့မှာ ကျုံ့ကျုံ့ထိုင်ကာ လက်အုပ်ချီပြီး ဦးမြစိန်လုပ်သမျှကို ကြည့်နေကြသည်။

'ဝံရာကသိုင်း မြန်မာတိုင်း တလိုင်းသုံးရပ် မုတ္တမကျော်လှိုင် မော်လမြိုင်ထားဝယ် တစ်သွယ်ရေးမြိတ်… ကုလားထိပ် မော်တင်××× ၏ ဆွမ်းတော်၊ ထန်းလျက်၊ ကောက်ညှင်း သန့်ရှင်းစွာ အုန်း၊ ငှက် ပျော၊ ကွမ်းယာ၊ လက်ဖက်တို့နှင့် စနေသမီးက အကောင်းဆုံး နှောဟင်ချီ၍ မနောရှင်ကြည် အလီလီကန်တော့ပြီး တင်မြှောက်ဆက် ကပ်ပါသည်×××× ကွန်းစင်ပေါ် နန်းကနက်သို့ လှမ်းတက်တော်မူပါ ဒေဝါသခင် နတ်ဦးရှင် ခင်ဗျား'

ဦးမြစိန်၏ ဦးရှင်ကြီးတင်သံက ပီသကြည်မြစွာ ထွက်ပေါ်နေ သဖြင့် လမ်းထဲကတချို့အိမ်တွေက ထွက်ကြည့်ပြီး တစ်ခါဖူးမှ ဆွမ်း မတင်ဖူးသော မတင်မြင့်တို့အိမ်ကို ကြည့်ပြီး အံ့အားသင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်းညိုမြ နတ်ကွန်းဆီက တပည့်အပေါင်း အဖော်တစ်စု တို့နှင့် စောင်းတော်ကို လက်တော်ကဆွဲ၍ ကြွလှမ်းကာ ဘုဉ်းပေး သုံးဆောင်တော်မူပါ့ ကျွန်းညိုသခင် ဦးရှင်ကြီး ခင်ဗျာ'

ကိုရီးယားစာတ်လမ်းတွဲ ဂျူမုန်ကို ကြည့်နေသော အဘိဓမ္မာ ဘုရားကိုးဆူ ဆရာဦးဘကျော်တစ်ယောက် သူ့ခြေရင်းဘက်အိမ်မှ ဦးရှင်ကြီး ဆွမ်းတင်သံကို နားထောင်နေရင်းမှ အသံရှင်ကို ကြားဖူး ပါသည်ဟု စဉ်းစားနေမိသည်။

သည်ဆွမ်းတင်အသံရှင် အသံက နည်းနည်းကျယ်သဖြင့် ဂျူမုန်စာတ်လမ်းတွဲကို ကောင်းကောင်းကြည့်လို့မရ။ တစ်ပတ်မှ နှစ်ရက်သာ ထုတ်လွှင့်သဖြင့် ပြတုန်းပြခိုက်လေး ကြည့်ရတာ အရသာ ရှိက်သည်ဟု စဉ်းစားနေတုန်းမှာပဲ...

'ကျွန်းအရှင်ကို ဆွမ်းတင်လို့ ပြီးပါပေါ့ ကျွန်းညိုကြီးရှင်၊ ဒီရေယဉ်သို့×××× ကျွန်းညိုဆီသို့ ကြွတော်မူပါ ရေငန်တစ်ရိုး အုပ်စိုးပါတဲ့ ဒေဝါသခင် နတ်ဦးရှင် ခင်ဗျား'

အသံက ကျယ်လာသဖြင့် တီဗီကို ဦးဘကျော် ဆက်ကြည့် ၍ မရတော့။ မည်သူက သည်လောက်အသံကျယ်ကျယ်နဲ့ ဦးရှင်ကြီး ဆွမ်းတင်နေပါသလဲလို့ အိမ်ရှေ့တံခါးဝကနေ ထွက်ကြည့်သောအခါ အလိုလိုနေရင်း ရင်ထဲက အခံက ပြန်ပေါ်လာပါသည်။

www.burmeseclassic.com



ထိုအချိန်မှာပဲ ဦးမြစိန်က ပြင်ထားသော ပွဲတစ်ပန်းကန်ကို လက်မှာ ကိုင်ကာ မြှောက်ရင်း…

'အဘိုး… အဘိုး… အဘိုး…၊ ကြွ… ကြွ… ကြွ…'

ဦးမြစိန်အသံက ရင်ခေါင်းသံဖြင့် အတော်ကျယ်လောင်သွားပါသည်။ တစ်ပွဲစားအဘိုး ဆွမ်းတင်သံကို ဦးဘကျော်က နားမခံနိုင်အောင် ဖြစ်သွားသလား မသိ။

ဦးမြစိန် ဆွမ်းတင်သည့်နေရာသို့ ရောက်လာပါသည်။

'ဦးမြစိန်… ဆွမ်းတင်တာတော့ တင်တာပေါ့ဗျာ၊ ဒီလောက် အသံကျယ်စရာ မလိုပါဘူး'

မထင်မှတ်ဘဲ ဦးဘကျော်ကို တွေ့ရသဖြင့် ဦးမြစိန် နည်းနည်း အံ့အားသင့်သွားပါသည်။

'ဒါပဲဗျာ… လူတွေက ကိုယ် တတ်တာလေး အလွတ်ကျက်ထားတာလေးလောက်နဲ့ ပညာစွမ်းပြချင်နေတာ၊ ကျုပ်လို ငါးရာ့ငါးဆယ် နိပါတ်တော် ဇာတ်ဝတ္ထုတွေအလွတ်ကျက်ပြီး ဘုရားကိုးဆူတင်ရင် ဘယ်လောက်တောင် ကြွားလိုက်မလဲ မသိဘူး'

ဦးဘကျော်၏ ရိသဲ့သဲ့စကားကြောင့် ဆွမ်းတင်ခိုင်းသူ ဒေါ်တင်မြင့်နှင့်တကွမိသားစုတွေပါ ဦးဘကျော်ကိုကြည့်ပြီး ဘယ်လို နားလည်ရမှန်းမသိအောင် ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးဘကျော်… ကျုပ်ဟာကျုပ် ဝမ်းရေးအတွက် ကိုယ့်အလုပ် ကိုယ်လုပ်နေတာ ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျာ'

'ဆိုင်တာပေါ့… ဂျူမုန်ဓာတ်လမ်းတွဲကြည့်နေတာ ခင်ဗျား ဆွမ်းတင်တဲ့အသံကျယ်လို့ ကောင်းကောင်းကို မကြည့်ရတော့ ဘူး'

ဆူဆူညံညံအသံတွေကို အစမှအဆုံး နားထောင်ရင်း အိမ် ပေါ်မှာ မုန့်ဆမ်းပန်းကန်များကို ပြင်နေသော မမြစိမ်းတစ်ယောက် နည်းနည်းတော့ ဒေါသထွက်သွားပါသည်။

ဘယ်နှယ့် ကိုယ်က ခေါ်လာပေးသောလူကို မိန်းမလို ရန်လာ တွေ့သော ဦးဘကျော်လုပ်ရပ်က နည်းနည်းတရားလွန်နေသည်။

မမြစိမ်း လုပ်လက်စ်အလုပ်ကို ရပ်လိုက်ပြီး အိမ်အောက်သို့ ဆင်းလာခဲ့သည်။

'ဦးဘကျော်… ဘုရားကိုးဆူဆရာလုပ်နေပြီး ဘာဖြစ်လို့ သူများကို မစ္ဆရိယစိတ်များနေတာလဲ၊ မရှက်ဘူးလား'

မမြစိမ်းက လက်ညှိုးငေါက်ငေါက်ထိုးပြီး ဦးဘကျော်အား ရန်တွေ့ပါသည်။

ဦးဘကျော်ဘာ့စ်ယောက် တော်တော်ခံပြင်းသွားပုံ ထင်ရပါ၏။

'ဟဲ့… ကံငါးပါးမှာ တစ်ပါးကျိုးတဲ့ အရက်သေစာရောင်း တဲ့ဆိုင်မှာ ညစောင့်လုပ်တဲ့ ဟာမ… နင်နဲ့မဆိုင်ဘူး၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဝင်ပြောစရာမလိုဘူး'

'ပြောသင့်လို့ပြောတာ၊ ကျွန်မကို ဦးရှင်ကြီးပင့်ဖို့ ခေါ်ခိုင်းတဲ့ လူကို ရှင်ကြီးက စော်ကားလို့ ပြောရတာ… ဘယ်နှယ့် ကိုယ့်ဘာသာကိုယ် ကိုရီးယားကားကြည့်ချင် ကြည့်ပေါ့၊ သူများ ဦးရှင်ကြီးတင်တာနဲ့ ဘာဆိုင်လဲ၊ ကြည့်လုပ်… ရှင်ကြီး ဘုရားကိုဆူတင်တဲ့အခါကျမှ တွေ့မယ်၊ မြစိမ်းတဲ့ ဘာမှတ်လဲ'

ပြဿနာက ပိုရှုပ်လာတော့မည် ထင်ပါသည်။ ခွဲရေးတွဲရေး (၄)လမ်းထဲမှ လူများက စပ်စုလိုသည့် သဘောမျိုးတွေနှင့် အိမ်ရှေ့ တံတားထိပ်နားမှာ မတ်တတ်တွေ ရပ်နေရင်းက ကြည့်နေကြသည်။

'အဖေရယ်… လာပါတော့… တော်ပါတော့'

တစ်ဖက်အိမ်မှ ဦးဘကျော်၏ တစ်ဦးတည်းသောသမီး မသည်းမြက ရောက်လာပြီး ဦးဘကျော်၏ လက်မောင်းကို ဆွဲကာ အိမ်သို့ ပြန်ဖို့ခေါ်နေပါသည်။

'ဟုတ်ပါတယ် အဖေရယ်… အဖေကလည်း ဦးရှင်ကြီးတင် တာ အသံနည်းနည်း လျှော့တင်နော်၊ ဒီလို ပြဿနာဖြစ်တာ မကောင်းပါဘူး'

အခြေအတင် စဖြစ်ကတည်းက ဘစကားတစ်ခွန်းမှ ဝင် မပြောသော ဦးမြစိန်၏သား မောင်ထွန်းလင်းက ဝင်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မဆိုင်ပါဘူး သားရယ်၊ အဖေ့အလုပ် အဖေလုပ်တာပါ'

'ဟုတ်ပါတယ်… သားပြောတာ နားထောင်နော်၊ အိမ်ထဲ ခဏ ဝင်ထိုင်လိုက်ဦး'

မောင်ထွန်းလင်းက သူ့ဖခင်လက်ကိုဆွဲပြီး မတင်မြင့်တို့ အိမ်ထဲသို့ အတင်းဝင်ခိုင်းပါသည်။

'အဖေ… ဟိုက ဦးလေးလည်း ဘာမှမပြောတော့ဘူး၊ အဖေလည်း… လာ… အိမ်ပြန်မယ်'

မတင်မြင့်တို့ အိမ်ထဲသို့ ဒေါသပါသော အကြည့်နှင့်ကြည့်ထိုက်ရင်း ဦးဘကျော်က မသည်းမြခေါ်ရာနောက်သို့ လိုက်ပါလာခဲ့သည်။

မသည်းမြက သူမတို့အိမ်ရှေ့ တံတားရှေ့သို့ ရောက်သည့်အခါ ဦးဘကျော်ကို အိမ်ထဲဝင်ခိုင်းပြီး ခြံတံခါးကိုပိတ်ဖို့အလုပ် သည်အတွင်း ဦးရှင်ကြီးတင်သည့်နေရာမှာ ရှိနေသော မောင်ထွန်းလင်းကို ကြည့်မိလျက်သား ဖြစ်သွားသည်။

မောင်ထွန်းလင်းကလည်း ဘာရယ်မဟုတ် ပြန်ပြုံးပြလိုက်မိသည်။

မသည်းမြ ဘာကြောင့်မှန်းမသိ ပြုံးပြရင်းမှ ခြံတံခါးဝသို့ အမြန်ပိတ်ကာ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



သည်မြင်ကွင်းကို မထင်မှတ်ဘဲ တွေ့ရှိသွားသူက အရေး
ဆိုင်စောင့် မမြစိမ်းပင်ဖြစ်သည်။

ရှေ့ဘာဖြစ်လာမည်ကို ကြိုတင်သိသည့်အလား မမြစိမ်း
ပြုံးလိုက်ပါသည်။

*

'မမြစိမ်းရေ… ကျွန်မမှာ အခုမှ ဦးရှင်ကြီး စတင်မိပါ
ဘယ်လိုဖြစ်လို့ ပြဿနာက ဝင်လာတာလဲ မသိဘူး'

'ဒါတွေကို မတင်မြင့် မသိပါဘူး၊ ရပ်ကွက်ဓမ္မာရုံက စ
ဓာတ်လမ်းတွေလေ'

'ဘယ်လိုဓာတ်လမ်းလဲ မမြစိမ်းရဲ့'

'နေဦး… နောက်မှ ပြောပြမယ်'

ထို့နောက်တော့ လုပ်စရာရှိသည့်ကိစ္စများကို လုပ်ဆောင်
ရန်ပွဲက ပြီးသွားပါသည်။

*

ဖြစ်ချင်တော့ ထိုည ကိုးနာရီခွဲလောက်ရောက်မှ အ
ဘုရားကိုးဆူဆရာ ဦးဘကျော်အိမ်ရှေ့မှာ မိန်းမတစ်ယောက်
ထောက်ပြီး အော်နေသံကြားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကြားလို့မှ ကောင်းကြသေးရဲ့လား၊ အလျှူခံပြီး နိဗ္ဗာန်ဆော် လုပ်တဲ့ ကိစ္စကို ကိုယ်တစ်ယောက်တည်း မိုက်နဲ့မအော်ရတာ နဲ့ပဲ ကျန်တဲ့လူအော်တာကို ရန်လိုသေးတယ်၊ ဒီလိုလူမျိုး အပါယ်လားမယ်၊ ပြောတော့ ဘုရား တရားနဲ့ စိတ်ကောင်း မရှိတဲ့လူ... ပြီးတော့... လူတစ်ဖက်သားကို ချိုးချိုးနှိမ်နှိမ် နဲ့ ပြောသေးတယ်၊ မြစိမ်းဆိုတဲ့ မမြစိမ်းက ဒါမျိုး အတင် မခံဘူး၊ မကျေနပ်လို့လာပြောတာ၊ တနံ့နံ့နဲ့ ရင်ထဲမှာ ခံစား နေရလို့ဟော့'

'ငါ့အိမ်ရှေ့မှာ... ဘယ်ကဟာမလဲ'

'ဘယ်က ဟာမမှ မဟုတ်ဘူး၊ အရက်ဆိုင်စောင့် မမြစိမ်းပဲ ဟော့...'

အိမ်ထဲမှ ထွက်လာသော ဦးဘကျော်နှင့် အိမ်ရှေ့မှာရှိသော မြစိမ်းတို့ ရန်ဆက်ဖြစ်ကြပါတော့သည်။

လမ်းထဲမှ လူတွေလည်း မနေနိုင်ဘဲ ထွက်လာကြပါသည်။

နောက်ဆုံးတော့ လမ်းရာအိမ်မှူးက ရပ်ကွက်ရုံးကိုခေါ်သွား တော့သည်။ ရုံးမှာ ဥက္ကဋ္ဌက နောက်ဒါမျိုးမဖြစ်ရအောင် နှစ်ဦး စလုံးကို ဝန်ခံကတိထိုးခိုင်းပါတော့သည်။

ထိုအချိန်မှစ၍ ခွဲရေးတွဲရေး(၄)လမ်းမှာ ဦးရှင်ကြီးတင်ရင်းမှ သနာဖြစ်ပွားခဲ့သဖြင့် အိမ်တော်တော်များများက ဦးမြင်နိုကိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးရှင်ကြီး မတင်ရဲအောင်ကို ဖြစ်သွားပါသည်။

အကယ်၍ ဦးရှင်ကြီးတင်ဖြစ်ခဲ့လျှင် ဦးဘကျော်ထပ်ပြီး ပြဿနာရှာမှာ စိုးလို့ဖြစ်သည်။

*

ဤမှ စတင်ပြီး ဦးမြစိန်က သူ့လုပ်ငန်း လမ်းတစ်လမ်းကို ဖောက်သည်ပျက်သွားသဖြင့် ဦးဘကျော်အပေါ် အငြိုးအတေး ထား သထက်ထားသလို ဦးဘကျော်ကလည်း သူလို အဘိဓမ္မာဘုရားကိုး ဆူဆရာဦးမြစိန်နှင့်ကျမှ လမ်းသဲမှာ အရှက်ရသည်ဟု ဆိုပြီး ရင်ထဲမှာ ကြိတ်ပြီး မုန်းတီးခဲ့နေပါတော့သည်။

*

ထိုအတူ မမြစိမ်းကလည်း ဦးဘကျော်အပေါ် စူဠသုဘဒ္ဒါ အမုန်းကြီးမုန်းသလိုမျိုး မုန်းနေတာက ပြောဖို့လိုမည် မထင်ပါ။

*

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝဆိုတာ

ကြုံကြိုက်တိုက်ဆိုင်

မတော်တဆဖြစ်ပြီးမှ

ရှင်သန်ခွင့်ရတယ်တဲ့လား

ယုံပါဘူးဗျာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

## ဗရုတ်သုတ်ခ (၅)လမ်း

အသွင်အပြင်ခြားနားပြီး စရိုက်မတူသူများသော လမ်းတ
ပြောပါဆိုလျှင် အားလုံးက ထိုလမ်းကို ဗရုတ်သုတ်ခ (၅)လမ်းဟု
ကင်ပွန်းတပ် နာမည်ပေးထားကြသည်။

လမ်းထဲရှိ သာရေး၊ နာရေး လူမှုရေးတွင်မူ ငွေကြေးဥစ္စာ
မကြွယ်ဝပေမယ့်၊ သဒ္ဓါထက်သန်စွာဖြင့် ကူညီကြသည်။

ထို့အပြင် လမ်းသူလမ်းသားများ၏ တူညီသော အကျင့်စရိုက်
က ရှိသေးသည်။

လမ်းထဲမှာ နာရေးဖြစ်ပြီဆိုက တစ်လမ်းလုံး ဖဲရိုက်ခြင်းပ
ဖြစ်သည်။

ထိုနာရေးနေ့မျိုးဆိုလျှင် လမ်းထဲရှိ နေ့ပြန်တိုးစားသူများ
အပေါင်ခံသူများအနေဖြင့် လက်မလည်နိုင်အောင်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရေးခုနစ်ရက်အတွင်း ဖဲဝိုင်းရှိသည့် ကာလပတ်လုံး တစ်လမ်းလုံး ရှမ်းကိုးမီး၊ ရှိုး၊ ပိုကာ၊ ဘူကိုး၊ အော်တို စသည်စကားသံတွေကိုသာ ကြားရမည်ဖြစ်ပါသည်။

နာရေးရက်များအတွင်း ဆူသံ၊ ဆဲသံ၊ နာရေးအိမ်ထဲမှ ဝင်လာသူ၊ ထွက်လာသူတွေနှင့် ဘဝသံသရာ ရထားစီးနေသလိုပင်ဖြစ်သည်။

တကယ့်ကို ဇရတ်သုတ်ခလမ်းဟု ဆိုရလောက်အောင် စရိုက်စုံလှသည်။

ရေရောင်းသည့်လူက တစ်နေ့လုံး ဘာမှမစားဘဲ အဝီစိရေကို လမ်းထဲလျှောက်ထည့်ရင်း ငွေကို ကျစ်ကျစ်ပါအောင် စုသမျှ မယားဖြစ်သူက ကုန်အောင် နှစ်လုံး၊ သုံးလုံး ဂဏန်းထိုးသည်။

မနက်မိုးမလင်ခင် ကတည်းက သီရိမင်္ဂလာဈေးမှာ ကုန်စိမ်းကြိုပြီး ဈေးထဲမှာ ကုန်းစိမ်းဖောက်သည် ပေးသည့် မိန်းမက ငွေရှာသလောက် လင်ဖြစ်သူက ယမကာ မှိုဝဲရုံမက ဖဲဝိုင်းဟော့ဆိုလျှင် အိမ်ဂရန်ကို ခါးကြားထိုးရင်း ထိုင်ရာမှ မထတော့။

မိတ်ကပ်ဖန်တီးရှင်ကလည်း ဖဲဝိုင်းဟော့ဆိုတာနှင့် အလှပြင်ဆိုင်ကိုပိတ် ဖဲဝိုင်းမှာ ဒိုင်ဝင်ကိုင်တော့သည်။ တစ်ခါတလေ မင်္ဂလာဆောင်မှာ သတို့သမီးကို မိတ်ကပ်လိမ်းပေးဖို့ မေ့နေလို့ သတို့သားကိုယ်တိုင် လာခေါ်တာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နာတာရှည်ပန်းနာရောဂါစွဲကပ်ပြီး ချောင်းခဏခဏဆိုးပြီး ဆေးရုံခဏခဏတက်ရ၊ ဆေးခန်း ခဏခဏပြရသည့် ခုနစ်ဆယ်အရွယ် အမယ်ကြီးတစ်ဦးကလည်း နာရေးဆိုလျှင် ဖဲထုပ်ကိုင် လူငါးဦးမရမကရှာကာ နာရေးအိမ်ဦးခန်းမှာ ပိုကာဝိုင်းသို့ရောက်နေပြီ ဖြစ်သည်။ သူ့အဖို့ ခုနစ်ရက် ခုနစ်လီလုံးလုံး ချောင်းဆိုးအမောဖောက်တာ လုံးဝ မတွေ့ရ။

မြွေမကြောက်၊ ကင်းမကြောက် ညဘက်သူများတွေ အိပ်ချိန်ရောက်မှ အရုပ်ထဲလှည့်ပြီး မုန့်ဖက်ထုပ်ရောင်းရသူကလည်း ဖဲဝိုင်းဆိုတာနှင့် မုန့်ဖက်ထုပ်တောင်း ဘေးချရောင်းရတာလေးနှင့် ဝိုင်းဘေးကနေ ဝင်ထိုးတာ အရင်းပြုတ်လို့ ခဏခဏပိုက်ဆံချေးရသူလည်း ရှိသည်။

လင်ဖြစ်သူက တစ်နေ့လုံး ကားမောင်းရင်း လမ်းပေါ်မှာ အချိန်ကုန်ရ မယားဖြစ်သူက မနက်မိုးလင်းကတည်းက နောက်တစ်နေ့အထိထိုင်ရာမှ မထဘဲ ဖဲဝိုင်းမှာထိုင်ပြီး ဖဲရိုက်ရင်းက လင်ဖြစ်သူကို ကားအုံနာဆီကနေ မရမက ဖဲရှုံးလို့ ပိုက်ဆံချေးတိုင်း၊ မရလျှင် ရန်ဖြစ်သည့် အိမ်ရှင်မလည်း ရှိသေးသည်။

လမ်းထိပ်မှာ မနက်ဝေလီဝေလင်းကတည်းကစပြီး အကြော်ကြော်ရောင်းရင်းမှ နာရေးဆိုတာနှင့် ကြော်လက်စအကြော်အိုးကို စွန့်ခွာပြီး ပိုကာဝိုင်းမှာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးကို ဥပုသ်စောင့်၊ ရိပ်သာဝင်ပါလားဟု သားဖြစ်သူက ပြောလို့ ထိုသားကို အိမ်ပေါ်မှ နှင်ချတာမျိုးလည်းရှိသေးသည်။

ဖဲဝိုင်းဖြစ်ပြီဆိုသည်နှင့် ဘာအလုပ်မှ မလုပ်တော့ဘဲ လက်ထဲ ငွေငါးရာကိုင်ကာ ဟိုဘေးထိုး၊ ဒီဘေးထိုးနှင့် ရှုံးလျှင် ဟိုလူ့ဆီက ဘပ်တောင်း သည်လူ့ဆီက ကပ်တောင်းနှင့် ဘေးနားက တယောထိုးသူလည်း ရှိသေးသည်။

ဗရုတ်သုတ်ခ (၅)လမ်းအကြောင်း ပြောရရေးရမယ်ဆိုလျှင် ဖဲဖွဲ့ကုန်မည် မထင်ပါ။

*

ဗရုတ်သုတ်ခ (၅)လမ်းမှာ နာရေးရှိလို့ အပြင်မှ ဘေးသူစိမ်းများ ရောက်လာလို့ကတော့ အမဲကောင်ဖြစ်ပြီလို့သာ သတ်မှတ်လို့ရသည်။

သတ်မှတ်လို့ ရသည်ဆိုတာက ဖဲဝိုင်းထဲမှာ ဖဲရိုက်သူအချင်းချင်း မျက်နှာရိပ် မျက်နှာကဲကိုပြရင်းမှ သူစိမ်းထိုးသားဆီကနေ ကိုယ့်ဆီပါအောင် ယူနည်းတွေကလည်း အမျိုးမျိုးရှိသည်။

သူစိမ်းထိုးသားက ဖဲဝါသနာပါလို့ ဒိုင်ပဲကိုင်ကိုင် ထိုးသားပဲ လုပ်လုပ် လက်ထိပ် လက်သန်းကနေ ဖဲချိုး၊ ဖဲဆင်၊ ဖဲဆွဲပြီး ကိုယ့်ခွင့်သာ အေ..လုပ်ပြီး ပိုက်ဆံကို သိမ်းကျုံးယူတော့မှသလို ဖဲကို



www.burmeseclassic.com

www.burmeseclassic.com



ငါးပြားခင်းထည့်ပြီး ကိုယ့်ဖဲသာအောင် လုပ်တာလည်း ရှိသည်။ ဖဲငါးပြားမှာ ဖဲတစ်ချပ်တင်ရိုက်တာမျိုးသာမက ဖဲနှစ်ဆယ့်တစ်ချပ်ကို ကလည်ဖန်ထိုးရင်း ဖဲခပ်တာလည်းရှိသည်။ ထိုးထားသော ပိုက်ဆံအတိုးအလျှော့ကလည်း ဖဲဒိုင်ကိုင်သူပဲဖြစ်ဖြစ် ထိုးသားပဲဖြစ်ဖြစ် ဖဲဝိုင်းမှာ အလုပ်လုပ်သူ၏ လက်လျှင်မြန်မှုကို မရိပ်မိလို့က ခံရဖို့သာများသည်။ ထို့အပြင် ဖဲကို Marking ပေးပြီး မှတ်တာရှိသေးသည်။ တစ်ခါတစ်ရံ ဖဲထုပ်လဲပေးပါဆိုပြီး ဖဲထုပ်အသစ်တောင်းလို့ကတော့ ဒုက္ခရောက်ဖို့သာမှတ်ဟု ပြောရပေလိမ့်မည်။

တကယ်တော့ ဖဲထုပ်က အသစ်ဆိုပေမယ့် ထိုဖဲထုပ်က မှတ်ထားသော ဖဲဆင်ထားသော အထုပ်ဖြစ်နေလို့ ဖြစ်သည်။

ဆိုင်မှာ သွားဝယ်ဖို့ ပိုက်ဆံပေးလိုက်လျှင်လည်း ဖဲဆင်ထားသော ဖဲထုပ်အသစ်ကို ယူလာပြီး ပေးတာမျိုးရှိသည်။

ဖဲရိုက်နေရင်း အဖော်ပဲပါပါ ဘေးနားကနေပဲ အကဲခပ်ခပ် ပိပိရိရိနှင့် ဖဲလိမ်ရိုက်သည်ကို တော်ရုံမသိနိုင်။

ထို့ကြောင့် ဗရုတ်သုတ်ခ(၅)လမ်းထဲသို့ ဖဲဝါသနာပါလို့များ ယောင်ပြီး လမ်းမှားမရောက်လာနှင့် ရှိတာတွေ ကုန်ပြီလို့သာမှတ်ယူပေတော့ဟု ဆိုရိုးစကားတောင် ရပ်ကွက်ထဲမှာ ရှိပါသည်။

တစ်သက်တာ ရှာခဲ့သည့်စီးပွား တစ်နာရီတည်းနဲ့ကုန်ချင်လျှင် ဗရုတ်သုတ်ခ(၅)လမ်းကိုသာ လာခဲ့ပါ ဟူသော စကားပင်ဖြစ်သည်။

*



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင် ဖဲနိုင်နိုင် ဗရုတ်သုတ်ခ(၅)လမ်းထဲက ဖဲဝါသနာ ပါသူတွေကတော့ ရှုံးလိုက် နိုင်လိုက်နှင့် မပြေလည်ခြင်း သံသရာထဲ မှာ တဝဲလည်လည် ရှိနေပါသည်။

*

ဗရုတ်သုတ်ခ(၅)လမ်းထဲမှာ ယနေ့ထိ ပြောမဆုံးနိုင်သော အဖြစ်အပျက်တစ်ခုက ဖြစ်ပွားခဲ့ပါသည်။

ထိုအဖြစ်အပျက်က…

*

အောင်စိုး အလုပ်သွားလို့သာ သွားရမည်။ စိတ်ကလုံးလုံး မဖြောင့်။ သူ့အတွက် နေ့စဉ်လိုလို ကုမ္ပဏီကားကို မောင်းသာနေရ သော်လည်း စိတ်က အိမ်မှာသာ အမြဲရောက်လို့နေသည်။

မသိသည့် သူတွေက သူ့ကို 'အိမ်ခင်သူ' ဟု ထင်ကြယူဆ ကြပေမယ့် သူကတော့ သူ့အကြောင်းနှင့်သူမို့ ရင်မအေးနိုင်။

အထူးသဖြင့် ယခုလို လမ်းထဲမှာ လူချစ်လူခင်ပေါသော ဦးလူဝ ကွယ်လွန်တာ ပိုလို့တောင် ဆိုးသေးသည်။

ဦးလူဝ မကွယ်လွန်ခင်တုန်းက ဖဲရိုက်အလွန်ဝါသနာပါ သည်။ ယခု သူကွယ်လွန်တော့ လမ်းထဲမှာ သူ့ကို ဂုဏ်ပြုသည့်အနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခုနစ်ရက် ခုနစ်လီ နာရေးမှာ ဖဲရိုက်ရင်း အိမ်စောင့်လုပ်မည့်သူတွေက ရည်ရွယ်ချက်ကြီးစွာဖြင့် ရှိနေသည်။

သည်အထဲမှာ အောင်စိုး၏မိန်းမ မိအေးလည်းအပါအဝင်ဖြစ်သည်။

အောင်စိုးအဖို့ မိအေးကို ယူမိတာ မှားများမှားပြီလားလို့…

ဤ၊လမ်းထဲမှာ မိအေးကို ချစ်ခွင့်စကားပြောခဲ့စဉ်က မိအေးဘာဝါသနာပါလဲကို မစုံစမ်းခဲ့။ ယူပြီးသည့်အချိန်ရောက်မှ မိအေးဝါသနာကို သိခဲ့ရသည်။

မိအေးက သူ့ဘဝမှာ ကိုယ့်လင်ထက်တောင် ဖဲအပွင့်များကိုပိုချစ်သလိုပဲတောင် ထင်ရသည်။

ရပ်ကွက်ထဲ နာရေးရှိလာပါက ထမင်းနှင့် ဟင်းကို မချက်တော့၊ ပိုကာဝိုင်းမှာ နွှေ့သထိုင်တော်မူသည်။

ယခုတော့ အောင်စိုး စိတ်မပူလို့က မရ။ မိအေးမှာ နေစေ့လစေ့ကိုယ်ဝန်ကြီးနှင့်မို့ ဖြစ်သည်။

ယခုတစ်ခါတော့ အရင်တစ်ခါလို အဖြစ်မခံနိုင်။

ယခင်တစ်ခါတုန်းက ဒီလိုကိုယ်ဝန်လွယ်ထားရချိန်မှာ လမ်းထဲက နာရေးမှာ မိအေးတစ်ယောက် ပိုကာဝိုင်းထိုင်ရင်း အပေါ့သွားချင်သဖြင့် နာရေးအိမ်က အိမ်သာအသွား ချော်လဲပြီး ကလေးအဖိတ်အစင် ဖြစ်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတုန်းက အောင်စိုးအဖို့ ရူးမတတ်ခံစားခဲ့ရသည်။ ယခု အခါသည်း ထိုအဖြစ်မျိုး ထပ်မကြုံပါရစေနှင့်လို့ ဆုတောင်းနေရသည်။

ပိုဆိုးတာက သည်ည အောင်စိုးက အိမ်ပြန်အိပ်လို့မရ၊ ဆိပ်ကမ်းမှာ ကုမ္ပဏီအတွက် နိုင်ငံခြားမှ တင်ပို့သော ပစ္စည်းများကို စောင့်ယူပြီး ကုမ္ပဏီအလုပ်ရုံဝင်းသို့ ကားမောင်းပို့ပေးရမှာမို့ဖြစ်သည်။

ထို့ကြောင့် အလုပ်သွားခါနီး မိအေးကို မှာဖြစ်အောင်မှာခဲ့သည်က ဦးလူဝနာရေးမှာ ဖဲဝိုင်းလုပ်လျှင် သွားကိုမသွားနှင့်လို့၊ ဆရာဝန်က ဒီတစ်ပတ်အတွင်း ကလေးမီးဖွားမည်ဟု ညွှန်ကြားတာကို မေ့နှင့်ဟု။

မိအေးက ပြုံးပြုံးကြီးခေါင်းညိတ်ပြပေမယ့် အောင်စိုးမယုံ။ ထိုအပြုံးတွေကြောင့် မိအေး ဖဲရှုံးသမျှလိုက်ပြီး အကြွေးဆပ်ခဲ့ရတာကလည်း များလှပြီဖြစ်သည်။

*

မိအေး စိတ်တော်တော်ညစ်နေသည်။ ပိုကာဝိုင်း စကတည်းက အခုထိ တစ်ခါမှ မဒေါင်းသေး။

ပိုကာဝိုင်းကလည်း လူတိုင်း ဆွဲဖဲတွေက ကောင်းသည်။ သို့သော် လိုချင်သော ဂျိုကာက ဆွဲလည်းမလာ၊ ဝေလည်းမပါသဖြင့် မိအေး တော်တော်ရှုံးနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲ မိုက်ထဲက ကလေးကလည်း တိုးသဖြင့် တော်တော်လေးကိုနာသည်။ ဖဲထဲအာရုံရောက်နေသဖြင့် ဝေဒနာကို မခံစားနိုင်သေး…

'မိအေး… ငါ့ကို တစ်လှည့်ပေးကိုင်စမ်း၊ ညည်းဖဲထကောင်းရဲ့သားနဲ့ ဆွဲဖဲမဝင်ဘူးဖြစ်နေတယ်'

'နေဦး… မမြစိမ်း… ဒီတစ်ပွဲဆော့လိုက်ဦးမယ်၊ ပြီးမှနောက်ပွဲမမြစိမ်းဝင်ဆော့'

မိအေးက ဖဲတစ်ချပ်ဆွဲလိုက်သည်။ ကုလားဖဲဖြစ်နေသည်။

'ဟူး… မလိုချင်ပါဘူးဆိုမှ ဒီကုလားဖဲကြီးပဲတက်နေတယ်'

မိအေးက ဆွဲတက်လာသော ကုလားဖဲကို ပြန်ပစ်လိုက်သည်။ မိအေး ကိုယ့်ဖဲကို ပြန်ကြည့်တော့ ဒေါင်းဖို့က ရှာဖဲကိုပဲစောင့်ရမည်။ ဖဲက စပိတ် ခြောက်၊ တစ်ချပ်က ထွက်ထားပြီးနေပြီ။

အရေးထဲ… မိုက်ထဲက ကလေးကလည်း ထပ်တိုးနေပြန်သည် ခင်ပွန်းဖြစ်သူကိုအောင်စိုး သည်ညပြန်မလာလို့ တော်သေးသည်။ သူ့အတန်တန်မှာထားလျက်သားနှင့် ယခုလို ပိုကာဝိုင်းထိုင်နေတာသာတွေ့လျှင် ရန်ပွဲက အတော်ကြီးတော့မည်ဖြစ်သည်။

'ဒေါင်းပြီ…'

ကိုယ့်ဖဲကိုယ် အာရုံစိုက်ရင်း ဟိုအကြောင်း သည်အကြောင်းတွေးနေရင်းနှင့် ကိုယ့်အပေါ်အိမ်က အရင်ဒေါင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါင်းဖဲကလည်း ကိုယ်လိုချင်သော စပိတ်ခြောက်ဖြစ်နေ၍ အကိုင် သွားတူနေသည်။ မိအေး နည်းနည်းတော့ တင်းသွားသည်။

'ရော့… ဒီမှာထိုင် မမြစိမ်း၊ ကျွန်မဘေးနားကနေ ဖဲကြည့်မယ်'

မိအေးက အနားမှာရှိနေသည့် မမြစိမ်းအား နေရာဖယ်ပေးလိုက်ပြီး မမြစိမ်းနောက်မှာ မပေါ့မပါးခန္ဓာကိုယ်ကြီးကို လွှယ်ထားရင်းမှ ထိုင်ချလိုက်သည်။ မမြစိမ်းက ဝေထားသော ဖဲဆယ့်သုံးချပ်ကို မိအေးပါမြင်အောင် တစ်ချပ်စီ ပွတ်ကြည့်ရင်းမှ ပြနေသည်။

'ဟွန်း… ဖဲများ… ဆယ့်သုံးချပ် တစ်ချပ်မှ မတူဘူး'

မမြစိမ်းလက်ထဲမှ ဖဲချပ်တွေကြည့်ရင်း မိအေး စိတ်ပျက်လက်ပျက်နှင့် ညည်းလိုက်သည်။

'နေပါဦး… မိအေးရယ်၊ ဖဲက အခုမှစတာပါ၊ ဖဲကိုင်ချင်လို့ အရက်ဆိုင်မစောင့်ဘဲ ဒီလာတာ'

'မစနဲ့တော့ မမြစိမ်း… ဒီမှာ ဂျိုကာလေးကောင်၊ ဝေပါနဲ့ ဒေါင်းပြီး'

ဖဲက စရုံရှိသေးသည် မမြစိမ်းအောက်အိမ်မှ ဝေပါ ဂျိုကာလေးကောင်ဖြင့် ဒေါင်းသွားပြီဖြစ်သည်။ မိအေး ပိုပြီး ခံပြင်းမိသွားသည်။ ဘယ်လိုဖြစ်လို့ ဂျိုကာက ကျော်ပြီးတော့ ကိုယ့်အောက်အိမ်ကိုမှ တက်ရပါလိမ့်လို့။


www.burmeseclassic.com

www.burmeseclassic.com



'မမြစိမ်း ဖယ်… ကျွန်မ ဖဲပြန်ကိုင်မယ်၊ အား… ဗိုက်က လည်း နာလိုက်တာ'

'မိအေး… နင်ဖြစ်ပါ့မလား၊ နင့်ဗိုက်က နာနေတယ်မဟုတ် လား၊ မဆော့ချင်လည်း မဆော့နဲ့တော့၊ နင်ထိုင်ရတာ ပိုခက် လိမ့်မယ်'

မိအေးဖြစ်ပုံကို သဘောပေါက်ရိပ်စားမိနေသော မမြစိမ်းက တားပေမယ့် မိအေးက လက်မခံ။ မမြစိမ်း ဝင်ထိုင်ပြီး ဖဲကိုချိုးပေး လိုက်သည်။

သည်တစ်ခါတော့ ဖဲကမဆိုး၊ ဂျိုကာမပါပေမယ့် ဝေပါအတွဲ က နှစ်ထွေးရနေသည်။ ကိုယ့်လက်ထဲက ဖဲကို ကြည့်ပြီး ကျေနပ်နေ ရင်းမှ မိအေးက သူ့အလှည့်ရောက်သဖြင့် ဖဲကို ဆွဲလိုက်သည်။

မိအေး ပျော်သွားသည်။ ဆွဲဖဲက ကွက်တိ အထွေသုံးထွေ ဖြစ်သွားသည်။

'အား… နာလိုက်တာ'

'မိအေး… ဖြစ်လား'

'ရတယ် မမြစိမ်း… အား…'

မမြစိမ်းက သတိပေးပေမယ့် မိအေးက မလိုသောဖဲကို ချ လိုက်သည်။ ပြောမည့်သာပြောတာ ဗိုက်က တော်တော်နာလာသည်။ ဆရာဝန်က သည်တစ်ပတ်အတွင်း မွေးမည်ပြောပေမယ့် ကြိုပြီးများ



www.burmeseclassic.com

www.burmeseclassic.com



မွေးချင်သလား မသိ။ ကလေးက အထဲက တိုးနေသည်။

ခက်တာက ဖဲကလည်း အခုထိ တစ်ခါမှပိုကာမဒေါင်းသေး။ အခုတစ်လှည့်ပဲ ဖဲက ကောင်းသေးသည်။ အခုတစ်ချပ် ဂျိုကာသာ ဆွဲတက်လို့က ဒေါင်းပြီ။ ဗိုက်ထဲက အတော်နာနေပေမယ့် သည်အခွင့်အရေးကို လက်လွှတ်မခံနိုင်။

'မိအေး… နင်ဗိုက်နာနေတယ် ထင်တယ်၊ တော်လိုက်ပါလား'

'ဟုတ်တယ်… မိအေး၊ အိမ်မှာပြန်နေရင်ကောင်းမယ်'

အတူဆော့နေသူတွေက မိအေးကိုကြည့်ပြီး ဝိုင်းဝန်းပြောပေမယ့် မိအေးက ဒိုင်ခံငြင်းသည်။

'တစ်ခါမှ မဒေါင်းသေးတာ… ဒေါင်းဖူးပြီးမှ အိမ်ပြန်မယ်၊ အား… နာလိုက်တာ…'

မိအေးက ရေရွတ်ညည်းတွားရင်းမှ ဖဲတစ်ချပ်ဆွဲပြီး ပွတ်လိုက်သည်။

'ဟာ… မလိုချင်တဲ့ဖဲ ဖြစ်နေပြန်ပြီ၊ ဂျိုကာလိုပါတယ်ဆိုမှ၊ ရော့… တည့်ရင်စား'

'အား… အား…'

လက်အောက်အိမ်ကို ဖဲပစ်ပေးလိုက်ရင်းမှ ဗိုက်ထဲကနာလာသဖြင့် မိအေး နာကျင်သဖြင့် အသံထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မိအေးရယ်… နင့်ယောကျ်ားအောင်စိုးသိရင်တော့ မလွယ်ဘူး'

အရေးထဲ မမြစိမ်းက ဝေဖန်ပြန်ပါသည်။ ဖဲတစ်လှည့်စောင့်ရသည်မှာ သည်တစ်ခါ အတော်ကြာလှသည်။ လက်အောက်အိမ်တွေက ဖဲတစ်ချပ်ပစ်ဖို့ အတော်စဉ်းစားနေကြသည်။ သူ့လို ဖဲတွေကောင်းလို့ပဲဖြစ်ရမည်ဟု မိအေးတွေးနေမိပြီး သူ့လက်ထဲက ဖဲတွေကို သူပြန်ကြည့်မိသည်။

သေချာပါသည်။ ဂျိုကာဆွဲတက်လို့က ဘယ်လိုလှည့်လှည့် ဒေါင်းပြီ ဖြစ်သည်။ အရေးထဲ မိုက်ထဲက ကလေးကလည်း တိုးလိုက်တာဆိုတာ အပြင်ထွက်ချင်နေသည့် အတိုင်းပဲဖြစ်ပါသည်။ မိုက်က နာသထက် နာလာပြန်ပါသည်။ ထိုင်ပင် မထိုင်နိုင်လောက်အောင်ဖြစ်လာသည်။

'မိအေး… နင့်အလှည့်ရောက်ပြီ'

ဘေးနားကနေ မမြစိမ်းက သတိပေးလို့အဆုံး မိအေးက ဖဲတစ်ချပ်ကိုဆွဲပြီး ဖြည်းဖြည်းချင်း ပွတ်နေမိသည်။ ဖဲက အပွင့်ပျောက်နေသည်။ သေချာပြီ ဒီတစ်ခါတော့ လုံးဝမလွဲတော့ဟု မိအေးတွေးကာ ပျော်ရင်းမှ ဖဲကို အပြည့်ကြည့်လိုက်သည်။

'ဂျိုကာ တက်ပြီ… ဒေါင်းပြီ… ဒေါင်းပြီ…'

လက်ထဲမှာကိုင်ထားသော ဖဲတွေကို ဖြန့်ခင်းပြရင်းမှ ဂျိုကာ



www.burmeseclassic.com

www.burmeseclassic.com



တို့ နမ်းလိုက်ပြီး ဖဲချပ်တွေကို တွဲပြလိုက်သည်။

'အား… ဘယ်လောက်ဒေါင်းလဲဆိုတော့… အား… အား'

'ဟဲ့… မိအေး… မိအေး…'

'နာတယ်… နာတယ်…'

ဖဲချပ်တွေကို ဖြန့်ခင်းတွဲပြီး ဒေါင်းကြေးကို ပြောမည်လုပ်ရင်း မိအေးဗိုက်ထဲက အတော်နာလာပြီး မခံနိုင်တော့ဘဲ လဲကျသွားပါသည်။ မမြစိမ်းက အနီးအနားမှာ ရှိနေသဖြင့် မိအေးကိုလှမ်းဆွဲထားလိုက်သည်။

'မမြစိမ်း… ဒေါင်းကြေးက ဂျိုကာတစ်ကောင်နဲ့ ရှစ်ရာ…၊ ကျွန်မကို ဆေးရုံသာပို့တော့ ဗိုက်ထဲက တော်တော်နာနေပြီ၊ မွေးတော့မယ်ထင်တယ်၊ အား… နာတယ်… နာတယ်…'

'မိအေး… နင်ဆေးရုံသွားဖို့တောင် ဒီပုံစံနဲ့ဆို လွယ်ပါ့မလား၊ ဒုက္ခပါပဲဟာ'

'အား… နာတယ်… နာတယ်…'

'မိအေး… သတိထား…'

မိအေး ဗိုက်နာလို့အော်သံကြောင့် နာရေးအိမ်ထဲရှိ လူတွေအားလုံး လှုပ်လှုပ်ရှရှဖြစ်ကုန်ကြပါသည်။

'ဟဲ့… ဟဲ့… ဒါ… ဘာအရည်တွေလဲ'

'ဟဲ့… ရေမွှာပေါက်တာလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



နာရေးအိမ်ထဲမှာ ရှိသမျှလူတွေအားလုံး မိအေးနားမှာ ပိုင်းကုန်ကြတော့သည်။ မိအေးကတော့ ဗိုက်ကနာလွန်းသဖြင့် အံကြိတ်ပြီး အော်နေသည်။ မမြစိမ်းက မိအေးကိုဖက်ထားရင်းမှ…

'ကဲ… ယောကျ်ားလေးတွေ အိမ်အောက်ကို ဆင်းပေတော့ ဟဲ့… ကိုမြင့်တင်… ဆရာဝန်အမြန်သွားခေါ်'

ယောကျ်ား လေးတွေ့ အလျို အလျို အိမ်ပေါ်ကဆင်းပြေးကုန်ကြသည်။ မိန်းမသားအချို့သာ ကျန်ခဲ့သည်။ နာရေးဖြစ်သူ ဦးလူဝ၏ မိသားစုဝင်တွေလည်း ပျာယာခတ်ကုန်တော့သည်။

'မိအေး တစ်ယောက်ကတော့ကွာ လုပ်ချလိုက်ပြန်ပြီ'

နာရေးရှင် ဦးလူဝ၏ သားအငယ်က မိအေးကိုကြည့်ပြီး ထိုသို့သာပြောနိုင်ပါတော့သည်။

* *

နောက်ဆုံးတော့ မိအေးခမျာ ဆေးရုံပင်မသွားနိုင်တော့ဘဲ နာရေးအိမ်မှာပင် ကလေးမွေးဖွားရပါတော့သည်။

မွေးဖွားသော ကလေးက ယောကျ်ားလေးဖြစ်သဖြင့် ဗရုဏ်သုတ်ခ (၅)လမ်းထဲမှ လူများက တညီတညွတ်တည်း ထိုကလေးအား 'ဂျိုကာ' ဟု နာမည်ပေးကြပါသည်။

မိအေးယောကျ်ားအောင်စိုးကတော့ ကြားကြားချင်းမှာ အပျော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဒေါသထွက်ပေမယ့် မိအေးမွေးဖွားပေးသော သားဦးယောကျ်ားလေးက သူနှင့်တူသဖြင့် ဒေါသတွေမေ့ကာ ‘ဂျိုကာ’တည်းဟူသော ရင်သွေးဖြစ်သူအား ကြည့်မဝ၊ ချစ်မဝ ဖြစ်နေပါသည်။

*

‘မိအေး… နင်နော်… ငါလေ… ဒီဂျိုကာလေးကြောင့် ခွင့်လွှတ်တာနော်… နို့မို့ရင်တော့လား… ဟွင်း…’

အောင်စိုးက ‘ဂျိုကာ’လေးကို ချီရင်း ကလေးချော့သိပ်ရင်းမှ မိအေးကိုပြောလေတိုင်း မိအေးက အောင်စိုးအား ပြန်ပြီးမျက်စောင်းထိုးလေ့ရှိပါသည်။

*

သည်အထဲမှာ မကျေနပ်၍ တွေ့သမျှလူကို အတင်းပြောပြီး ခပ်က ပွစိပွစိလုပ်သူတစ်ယောက် ရှိပါသေးသည်။

ဖဲပွတ်ချင် ကိုင်ချင်လွန်းလို့ အရက်ဆိုင်တောင်မစောင့်ဘဲ ရေးအိမ်သွားမိလို့ သူများဖဲတစ်လှည့်သာ ခဏလေးကိုင်လိုက်ရပြီး ရေးအိမ်မှာ ကလေးမွေးဖို့ ကူညီခဲ့ရတာ ဘယ်သူကမှ ကျေးဇူးတင်ကြောင်းမပြောလို့ မကျေနပ်ဘူးဟု မမြစိမ်းကတော့ အပီရင်ဖွင့်နေပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ ဗရုတ်သုတ်ခ (၅)လမ်းက အဖြစ်ပါ။ တခြား နေရာတွေမှာလည်း ရှိချင်ရှိပါလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အတွက်အချက်

မမှားပါနဲ့။

အသက်စတေးရတတ်လို့ပါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

## အာသောက (၆)လမ်း

ဤလမ်းနာမည်ကို မသိလျှင် စေတီပေါင်း ခုနစ်သောင်း လေးထောင် တည်ထား လှူထားတော်မူသော 'အာသောကမင်းတရားကြီး' အား ဂုဏ်ပြုအမည် ပေးထားမည်ဟု ထင်ကောင်းထင်နေကြပါလိမ့်မည်။

တကယ်တမ်းတော့ လားလားမှမဟုတ်ပါ။ ထိုနာမည်ပေးရခြင်းက အကြောင်းပေါင်းများစွာ ရှိပေသည်။ လမ်းက နှစ်ခြမ်းရှိသည်။ လမ်းနှစ်ခြမ်းလုံးမှာက ကိုယ်စီကိုယ်စီ အကြောင်းအရာလေးတွေက ရှိသည်။ ထို့ကြောင့် လမ်းကို သူ့အပိုင်းနှင့်သူ နာမည်ပေးကင်ပွန်းတပ်ကြပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## ကြွေးထူတောင်ကုန်း

ထိုနာမည်ကို အာသောက(ဖ)လမ်း ဥာဘက်အခြမ်း 'ပ' စောက်ကွေ့မှာ နေသူများက ဂုဏ်ပြုအမည်ပေးထားခြင်းဖြစ်ပါသည်။

အကြွေးမယူမိလျှင် ခေတ်မမီတော့သကဲ့သို့ ယူဆသလား သေိ။ နေသွင်း၊ ညသွင်း၊ လသွင်း စသဖြင့် လက်လုပ်လက်စားများ ဖြစ်သောကြောင့် သူ့ထက်ငါ အပြိုင် အကြွေးယူကြပါသည်။

ဖယောင်းတိုင် နေ့သွင်းအကြွေးကတစ်မျိုး၊ အသုပ်ကြွေး၊ ဆိုက်ကားအုံနာခအကြွေး၊ အိမ်လခအကြွေး၊ နှစ်လုံး သုံးလုံးအကြွေး၊ ထုန်ခြောက်ဆိုင်အကြွေး၊ အင်္ကျီ၊ ပုဆိုး၊ ထဘီအကြွေး စသဖြင့် ကြွေးရှင်နှင့် ကြွေယူသူတို့၏ ညနေခင်း၊ ညပိုင်းရောက်လျှင် အကြွေး တောင်းသံ မပေးနိုင်၍ ငြင်းသံ၊ ခုံသံများနှင့် အကြွေးသံသရာကြီး ထဲမှာ နေ့စဉ် ရှင်သန်နေသဖြင့် ထိုအပိုင်းကို 'ကြွေးထူတောင်ကုန်း' ဆိုပြီး ကိုယ့်ဘာသာကိုယ် ဂုဏ်ယူစွာဖြင့် ကင်ပွန်းတပ်ကြပါသည်။

*

## မျှော်တော်ရောင်တောင်ကုန်း

အာသောက(ဖ)လမ်း ဥာဘက်ခြမ်း လမ်းထိပ်ဖက်အပိုင်း ကို 'မျှော်တော်ရောင်တောင်ကုန်း' ဆိုပြီး မည်သူက နာမည်ပေးခဲ့သလဲ တော့ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမည်နာမကလည်း သူ့ဟာနှင့်သူတော့ တည့်လို့နေသည်။

ညနေ နေဝင်ရီတရောအချိန်ရောက်ပြီဆိုလျှင် ညာဘက်ခြမ်း လမ်းထိပ်အပိုင်းမှာ နေသူ အိမ်သူသက်ထားအားလုံးလိုလိုက လမ်းထိပ်သို့ထွက်ပြီး ရုံးမှပြန်လာမည့် အိမ်ထောင်ဦးစီးများ၊ ဆိုက္ကားထွက်နင်းပြီး ညနေစျေးဖိုးပေးမည့် ယောက်ျားသားများ၊ အငှားကားမောင်းသည့် ဒရိုင်ဘာခင်ပွန်းများ၊ ဗေဒင်ဟောပြီး ဆန်ထုပ်ဆွဲလာမည့် ချစ်လင်၊ မိုးပျံပူဖောင်း အရပ်ထဲလှည့်ရောင်းပြီး ပြန်လာမည့် ခင်ပွန်းကိုကိုတို့အား လမ်းထိပ်မှ စောင့်ကာ အပြုံးများနှင့်ကြိုရင်း ခင်ပွန်းသည်တွေ ပါလာသမျှ လက်ဝါးဖြန့်ပြီး သိမ်းဆည်းယူငင်ဖို့ စောင့်လေ့ရှိကြသည်။

ဘယ်အချိန်ပြန်ရောက်လာလေမလဲ ကားလမ်းမဘက်သို့ အကြည့်တွေက ပြိုင်တူကြည့်ပြီး မျှော်ရသဖြင့် 'မျှော်တော်ရောင်' တောင်ကုန်းဟု အမည်ရလာခြင်းပဲ ဖြစ်ပါသည်။

*

## CNN တောင်ကုန်း

အာသောက(ဖ)လမ်း ညာဖက်ခြမ်းအလယ်ကို 'CNN တောင်ကုန်း' ဟု လမ်းသူလမ်းသားများက နာမည်ပေးခြင်းမဟုတ်။ အခြားလမ်းများမှ လူများက ပေးထားခြင်းဖြစ်သည်။

ရပ်ကွက်အတွင်းတစ်နေ့တာ ဖြစ်ရပ်မှန်သမျှ ခရေစေ့အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူ သိလိုလျှင် ထိုနေရာသို့သာသွားပြီး ကြိုက်သည့်အိမ်ဝင်ပြီး ရေနွေး သောက်ရင်း မေးလိုက်လျှင် သိချင်သမျှအချက်အလက်တွေကို အားလုံး သိရပေလိမ့်မည်။

သတင်းထုတ်ပြန်ချက် CBS တို့ CNN သတင်းဌာနတို့ကသာ နောက်ကျပေလိမ့်မည်။ အာသောက (၆)လမ်းထဲက CNN တောင်ကုန်း အတော့ ဘယ်အိမ်က ဘိနပ်ကို ဘယ်သူခိုးသွားသည့်သတင်း၊ ကြက် သားတစ်ပိဿာအကြွေးဝယ်ပြီး ကြော်ထားပြီး အအေးခံထားကာ အိမ် ရှေ့မှာ အတင်းထွက်တုတ်နေတုန်း ကြက်သားကြော်တွေ ကြောင်စား သွားသည့်သတင်း။ ထို့အပြင် ဘယ်သူက ဘယ်မိန်းမနှင့်ရှုပ်၍ ရုံးမှာ တွဲကြကွာကြတဲ့သတင်း၊ ဘယ်သူကတော့ အပေါင်ဆုံးပစ္စည်းတွေကို သာ ဝယ်သုံးတတ်သည့် သတင်း၊ ဘယ်သူကတော့ ကရာအိုကေသွား ၍ မိန်းမလက်ကောက် ဘယ်လောက်နှင့်ခိုးရောင်းလိုက်သည်ဆိုသည့် သတင်း ကစလို့ ကိုယ့်ထမင်းကိုယ်စားပြီး စပ်စပ်စုစု စုဆောင်း ထားသည့် သတင်းတွေကို ကြားရပေလိမ့်မည်။

ထိုသို့ ပြောရခြင်းကိုပဲ CNN တောင်ကုန်းနေသူများက အကျေ ကြီး ကျေနပ်ကာ ပီတိတွေဝေဖြာလို့မဆုံး ဖြစ်နေတတ်ပါသည်။

CNN တောင်ကုန်းနေသူများက သတင်းသာ မပြောရလျှင် ထိုင်လို့မကောင်း သောကတွေခံစားရသည်ဟု ခဏခဏညည်း ညူသံများတောင် ကြားနေရပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## ဘဝင်တောင်ကုန်း

အာသောက (၅)လမ်း ဘယ်ဘက်ခြမ်းကို ညာဘက်ခြမ်းနေ လမ်းသူလမ်းသားများက တညီတညွတ်တည်း 'ဘဝင်တောင်ကုန်း' ဟု အမည်ပေးထားကြသည်။

ပိုက်ဆံကြီးကြီးကျယ်ကျယ် ချမ်းသာတာမျိုး မဟုတ်ဘဲ စားနိုင်သောက်နိုင်ရုံ အနေအထားနှင့် အိမ်နီးချင်းနေထိုင်သူများက ကိုယ်နှင့်မတူသလို မတန်သလို အမူရာမျိုးဖြင့် ဆက်ဆံကြလို့ ဖြစ်ပါသည်။

ထို့အပြင် အချင်းချင်းပြိုင်ဆိုင်မှုကလည်း ပြင်ထန်လှသည်။

ဥပမာ ကိုယ်ဝန်ဆောင်ချင်း ပြိုင်တာကိုပင် ကြည့်လို့ရသည်။

ဘယ်သူ့ကိုယ်ဝန်က ဘယ်အထူးကု. ဆေးခန်းမှာ ဘယ်လို မွေးမည်။ သူနာပြုဆရာမ ဘယ်လိုငှားမည်။ ဘယ်လို အကုန်အကျခံမည် စသဖြင့် ပြိုင်ဆိုင်ရုံသာမက နောက်ဆုံးကိုယ်ဝန်ဆောင် အားတိုးဆေး 'အိုဘီမင်' ကို တစ်နေ့ဘယ်နှလုံး သောက်တာစသဖြင့် ပြိုင်ချင်ကြသေးသည်။

အဆိုးဆုံးက ကျန်းမာရေးကိစ္စပင် အချင်းချင်း ဘယ်သူက ရောဂါပိုများသလဲဆိုပြီး ပြိုင်ဆိုင်တာ ရှိသေးသည်။

နောက်ဆုံး နာရေးတောင် ပြိုင်ဆိုင်မှုမလွှယ်။ ဘယ်သူက ဘယ်ရွှေ့ဘယ်မျှ ကုန်ကျစသဖြင့် ပြိုင်ကြသေးသည်။

ထို့ကြောင့် ဘဝင်မြင့်ပြီး ဘာမှမဟုတ်ဘဲ ခေါက်ခြေလွှတ်



www.burmeseclassic.com

www.burmeseclassic.com



သူများနေသဖြင့် 'ဘဝင်တောင်ကုန်း'ဟူသောနာမည် တွင်လာခြင်း ဝင် ဖြစ်သည်။

*

ဤသို့ဖြင့် ဟိုဘက်ခြမ်း၊ ဒီဘက်ခြမ်း နှစ်ဖက်ခြမ်းစလုံး နေထိုင်သူအသီးသီးမှာ ကိုယ့်သောက ကိုယ်ရှိကြ၍ အာသောက(၆) ထမ်းဟု နာမည်တွင်ခြင်းမှာ မှန်ကန်သည်ဟုသာ ဆိုရပေလိမ့်မည်။

*

## ဘဝင်တောင်ကုန်းမှ
## ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်

ဦးစိုးလွင်သည် အာသောက(၅)လမ်း ဘယ်ဘက်အခြမ်း 'ဘဝင်တောင်ကုန်း' အပိုင်း၏ လမ်းလယ်တွင် နေထိုင်သူဖြစ်သည်။

ရုံးအုပ်ဘဝဖြင့် အငြိမ်းစားယူပြီးနောက် ရုံးအုပ်ဘဝ စာရွက် စာတမ်းဖိုင်များ လျှောက်လွှာဖတ်ခြင်းများ စသည့် ဝါသနာကို မစွန့် လွှတ်နိုင်သဖြင့် လမ်း၏ ရာအိမ်မှူးဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့ သည်။

ဖိုင်တစ်ခုကို လက်ကကိုင်ပြီး ဘောပင်ကို အင်္ကျီအိတ်မှာ ထိုးကာ ဘယ်သွားသွား လက်ထဲကကိုင်ထားသော ဖိုင်ကိုမချ၊ ရေ



www.burmeseclassic.com

www.burmeseclassic.com



မြောင်းဖော်ပြီး သန့်ရှင်းရေးလုပ်ဦး၊ ခြံစည်းရိုး ထုံးသုတ်ဦး၊ လူပိုရှိလျှင် ဧည့်စာရင်းတိုင်ဦး စသဖြင့် နေ့စဉ်လိုလို လမ်းသူလမ်းသားများအား ညွှန်ကြားချက် ပေးလေ့ရှိသည်။

ထို့အပြင် ဦးစိုးလွင်မှာ အခြားအကျင့်တစ်ခုက ရှိသေးသည်။ ထိုအကျင့်က တူတစ်ချောင်းကိုင်ကာ ဟိုရိုက် ဒီရိုက် အိမ်ကို ဟိုပြင် ဒီပြင် လုပ်တတ်သည့်အကျင့်ပဲ ဖြစ်သည်။

တစ်နေ့မှာ ဦးစိုးလွင်တစ်ယောက် မိုးရေထိသဖြင့် ဆွေးနေသော အိမ်ရှေ့တံတားကို ပြင်ရင်း မထင်မှတ်ဘဲ ခြေထောက်သံဆူး သွားသည်။ သံဆူးသဖြင့် ခြေထောက်မှ ထွက်လာသော သွေးကို လက်နှင့်ညှစ်ပစ်ပြီး သွေးတိတ်သောအခါ လုပ်လက်စအလုပ်ကို ဆက်လုပ်ပြီး ညနေရောက်သောအခါ အရင်ပုံစံအတိုင်း လက်ထဲမှ တူ ကြီးကိုင်ကာ လမ်းထဲမှာ ညွှန်ကြားနေပြန်ပါသည်။

ညအိပ်ရာဝင်တော့ ကိုယ်ဆစ်လက်ဆစ်တွေက နည်းနည်း ကိုက်ချင်ချင်ဖြစ်လာသဖြင့် ပါရာစီတမော တစ်လုံးသောက်ပြီး အိပ် လိုက်သည်။ နေ့လယ်က တံတားပြင်တာ ပင်ပန်းလို့လားမသိ တွေး ရေးမှ တောင်မနိုး။

*



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းအိမ်မှ ကာရာအိုကေ သီချင်းဆိုသံကြောင့် ဦးစိုးလွင် အိပ်ရာမှ လန့်နိုးလာသည်။

ကိုယ်ဆစ်လက်ဆစ်ကိုက်တာတွေက မပျောက်။ ကိုယ့်နဖူးကိုယ် လက်နှင့်စမ်းကြည့်တော့ ကိုယ်က နည်းနည်းပူနေသည်။

'မသိန်းခင်ရေ… ကော်ဖီဖျော်ဟာ… ငါ ဖျားနေသလား မသိဘူး'

'ကျွန်မ ထင်တော့ထင်သား… ရှင်… မနေ့က နေပူထဲမှာ တံတားပြင်တာ အပူရှပ်သွားတယ်ထင်တယ်၊ ရှင်ဟာလေ အသက်က မငယ်တော့ဘူးနော်'

ဇနီးဖြစ်သူ ဒေါ်သိန်းခင်က ဦးစိုးလွင်ကို ဆူရင်းမှ ကော်ဖီဖျော်ပါသည်။ ဦးစိုးလွင်က မျက်နှာတွေ ဘာတွေသစ်ပြီး ဇနီးဖျော်ပေးသော ကော်ဖီကို ဆေးနှင့်သောက်လိုက်သည်။

ပြီးတော့ ရပ်ကွက်အေးချမ်းသာယာရေးရုံးမှာ လပတ်အစည်းအဝေးရှိသဖြင့် ဖိုင်ကိုကိုင်ကာ ထွက်သွားပါသည်။

*

နေ့လယ်ပိုင်းထမင်းစားပြီးသွားသဖြင့် ဦးစိုးလွင် ကုလားထိုင်မှာထိုင်ကာ မှိန်းနေမိသည်။ ကိုယ်က အပူမကျသေး။ မျက်စိတွေက ထမင်းစားပြီးလို့လား မသိ လေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးစိုးလွင်… ဒေါ်သိန်းခင်ရှိလား…'

'ရှိတယ် မမြစိမ်း… အိမ်ထဲမှာ လျှော်ဖို့အဝတ်တွေရှိတယ်'

မမြစိမ်းက ဦးစိုးလွင်ကို ကြည့်လိုက်ရင်းက…

'ဦးစိုးလွင်… နေမကောင်းဘူးလား'

'ဟုတ်တယ်ဟ… မနေ့က တံတားပြင်ရင်း သံလေးနည်းနည်း ဆူးသွားလို့ အဲဒါ ဖျားနေတယ်'

'ဒါဆို… ဆေးခန်းသွားလေ'

'ညနေတော့ သွားမလားလို့ပဲဟ…'

မမြစိမ်းက ဘာမှ ပြန်မပြောတော့ဘဲ ဒေါ်သိန်းခင်ရှိသည့် အိမ်နောက်ဖေးဆီသို့ ဝင်လာသည်။

'မြစိမ်းရေ လာဟေ့… မနက်ကတည်းက ညည်းကိုစောင့်နေတာ'

'လာမလို့ပဲ၊ သတင်းပလင်းလေး ဘာလေး စုံစမ်းနေရလို့၊ ဒီလို တစ်ခါတလေ ကိုယ်သိတဲ့အိမ် အဝတ်လျှော်တော့လည်း သုံးဖို့ စွဲဖို့ ရတာပေါ့'

'အေးပါဟယ်… အဝတ်လျှော်စက် ဝယ်မလို့ပဲ၊ မီးက မမှန်လို့… ဝယ်ရင်တော့ ဒီလမ်းထဲမှာ ဘယ်သူမှ မသုံးဖူးသေးတဲ့ အဝတ်လျှော်စက်ကို ဝယ်မှာမို့ဟေ့'

မမြစိမ်း ပြုံးလိုက်ပါသည်။ ဘဝင်တောင်ကုန်းကလူတွေကတော့ အရင်ပုံစံအတိုင်း ဘာမှမပြောင်းလဲသေးပါလားလို့။

*



www.burmeseclassic.com

www.burmeseclassic.com



မမြစိမ်းတစ်ယောက် ဦးစိုးလွင်တို့အိမ်ရှေ့ ရေတိုင်ကီတွေ ထားသည့် နေရာမှာ အဝတ်လျှော်နေတာ အဝတ်တွေအားလုံး ဆပ်ပြာ တိုက်ပြီးလို့ ရေနှင့်ဆေးပြီး ညှစ်ဖို့ပဲကျန်တော့သည်။

ဆပ်ပြာရေတွေကို သွန်ပြီး ရေအသစ်လဲနေရင်းမှ ကုလား ထိုင်ပေါ်တွင်ထိုင်နေသော ဦးစိုးလွင်ရှိရာသို့ ကြည့်မိသောအခါ ထိတ် သန့်တုန်လှုပ်သွားသည်။

ဦးစိုးလွင် တစ်ယောက် ကုလားထိုင်မှာ ထိုင်ရင်း တက်သလို မျိုးဖြစ်နေလို့ ဖြစ်သည်။

'ဒေါ်သိန်းခင်ရေ လာပါဦး၊ ဦးစိုးလွင် ဘာဖြစ်သလဲမသိဘူး'

မမြစိမ်း အဝတ်လျှော်သည့်နေရာကနေ အိမ်ပေါ်ထပ်သို့ ပြေး တက်လိုက်သည်။

'ကိုစိုးလွင်… ကိုစိုးလွင်… လာကြပါဦး… ကိုစိုးလွင် ဘာဖြစ်တာလဲ မသိဘူး'

ဒေါ်သိန်းခင် အလန့်တကြားအော်သံကြောင့် ဘေးအိမ်နီးချင်း များပါ ရောက်လာကြသည်။

ကုလားထိုင်မှာ ထိုင်နေသော ဦးစိုးလွင်က တုတ်တုတ်မှ မလှုပ်၊ အကြောဆွဲနေသလိုမျိုး ဖြစ်နေသည်။

'လေဖြတ်သွားတာ ဖြစ်မယ်… ခေါ်ကြည့်ပါလား'

'ဟဲ့… လျှာကို ဆွဲ…'

'ဟာ… ဘယ်ဟုတ်မလဲ ခြေမနှိပ်'

တစ်ယောက်တစ်ပေါက် စကားပြောသံ အကြံပြုသံတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ လူနာကို ငုတ်တုတ်ထားပြီး ရှပ်ယှက်ခတ်လို့နေသည်။

'နေကြပါဦး… ထင်တာတွေ စွတ်ပြောမနေနဲ့၊ ဆေးရုံကို အမြန်ပို့ဖို့လုပ်ပါ'

'ဟဲ့… မြစိမ်း… နင်က ဘာသိလို့လဲ တော်ကြာ လမ်းမှာ အသက်ထွက်သွားရင် ဘယ်လိုလုပ်မလဲ… နင့်ဘာသာ နင် အရက်ဆိုင် စောင့်မှာသာ စောင့်စမ်းပါ'

မမြစိမ်းကို အခြားတစ်ယောက်က ဝေဖန်လိုက်သဖြင့် မမြစိမ်း ဒေါသထွက်သွားပါသည်။

'အရက်ဆိုင်စောင့်တာ မစောင့်တာက ကျုပ်မအလုပ်ပါ၊ ဒီ ဦးစိုးလွင်က မနေ့က သံဆူးတယ်လို့ပြောတယ်၊ သံဆူးလို့ မေးခိုင်ပိုးဝင်တာရော မဖြစ်နိုင်ဖူးလား… စွတ်မလုပ်ပါနဲ့၊ ကားသာခေါ်ပြီး ဆေးရုံပို့ပါ… တစ်ယောက်တစ်ပေါက်နဲ့ဆို လူနာသေသွားမယ်'

'ဟုတ်ပါတယ်… ကားငှားပါ'

ဒေါ်သိန်းခင်က အသံအကျယ်ကြီး အော်ပြောတော့မှပဲ ကားသွားငှားသူငှား လူနာကို အသေအချာပွေ့သူပွေ့နှင့် ဆေးရုံတင်ဖို့ကိစ္စ အလုပ်ရှုပ်ကုန်ပါတော့သည်။

စောစောတုန်းက ငြိမ်သက်တိတ်ဆိတ်နေသော ဘဝင်တောင်ကုန်းဘက်အခြမ်းမှ ဆူဆူညံညံအသံများကြောင့် CNN တောင်ကုန်း၊ မျှော်တော်ရောင်တောင်ကုန်းနှင့် ကြွေးထူတောင်ကုန်းဘက်အခြမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



လူတွေပါ စိတ်ဝင်တစားနှင့် ဘဝင်တောင်ကုန်းဘက်အခြမ်းသို့ ရောက်လာကြသည်။

နောက်ဆုံးတော့ သွားဟုားသည့်တား ရောက်လာပြီး ဦးစိုးလွင်အား ဆေးရုံသို့ ပို့လိုက်ကြပါတော့သည်။

*

ဦးစိုးလွင် ကံအတော်ကောင်းသွားပါသည်။ ဆေးရုံရောက်သောအခါ သက်ဆိုင်ရာ တာဝန်ကျ ဆရာဝန်များက စစ်ဆေးပြီး ဦးစိုးလွင်တစ်ယောက် လေဖြတ်တာ မဟုတ်ဘဲ သံဆူးသည့်နေရာအနေ မေးခိုင်ပိုးဝင်လို့ အဖျားကြီးပြီး တက်သလိုဖြစ်တာဟု စစ်ဆေးတွေ့ရှိသဖြင့် အသက်ချမ်းသာရာ ရသွားပါသည်။

*

ထိုအခါကျမှပဲ အားလုံးက မမြစိမ်းကို ကျေးဇူးတင်ပါတော့သည်။ မမြစိမ်းကြောင့် လူတစ်ယောက် အသက်ချမ်းသာရာ ရသည်ဟု။

မမြစိမ်းကတော့ ဘာမှ မဟုတ်သလိုနှင့် အရက်ဆိုင်ကို ညစဉ်ညတိုင်း စောင့်မြဲလျက် ရှိပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်အကြောင်း

စိတ်မဝင်စားရင်

ဘယ်သူက

အတင်းပြောပါ့မလဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

နေက စောင်းသွားပြီဖြစ်သည်။ ထန်းရည်တွေလည်း တော်တော်ကုန်သွားပြီ ဖြစ်သည်။

သူတို့ အိမ်ပြန်ရုံသာရှိတော့သည်။

အရှန်မီးသတ်အငြိမ်းစားက လက်ကျန်ထန်းရည်တစ်ငုံစာကို နောက်ဆုံးအနေဖြင့် မော့ချလိုက်သည်။

'ဒီလိုဆိုတော့လည်း မမြစိမ်းကို တစ်ဖက်သတ်ပြောလို့ မရပြန်ဘူး'

အိမ်ပွဲစားက မှတ်ချက်ချပါသည်။

'မမြစိမ်းမှာ ကောင်းတာနဲ့ဆိုးတာ ငါးဆယ်ရာခိုင်နှုန်းစီ ရှိနေတာပဲ'

ဘွန်ဗွာအော်သူ ကိုလှဝင်းက ဝေဖန်သုံးသပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အခုပြောသွားတဲ့ လမ်းခြောက်လမ်းမှာ မမြစိမ်းက ဓာတ်လိုက်ဖြစ်နေတာပဲ'

ထိရောင်းသူက အပြင်ဘက်သို့ ကြည့်ရင်းမှ ပြောလိုက်ပြန်သည်။

'မိန်းမဆိုတော့လည်း မိန်းမပီပီ ရန်ဖြစ်တာ၊ အတင်းပြောတာတော့ ရှိမှာပေါ့'

ဈေးလုံခြုံရေး၏ စကားမဆုံးမီ…

'မမြစိမ်းအကြောင်း ဝတ္ထုရေးရင်တော့ သိပ်ကောင်းမှာပဲ'

ဆိုင်းနောက်ထ လူရှင်တော်က ဤကဲ့သို့မှတ်ချက်ပြုပါသည်။

'အင်း… မမြစိမ်းရဲ့ ဓာတ်လမ်းတွဲတွေက ကိုရီးယားမှာဆိုတီဗွီဓာတ်လမ်းတွဲတွေ ထွက်လာပြီဗျို့'

အိမ်ပွဲစားက ရယ်မောရင်းမှ ပြောလိုက်ပြန်သည်။

'ကဲ… ဒီနေ့တော့… ဒီမှာပဲ လမ်းခွဲပြီဗျို့… နောက်မှပဲဆက်ကြတာပေါ့'

အချိန်မီးသတ် အငြိမ်းစား စကားအဆုံး ထန်းရည်ဆိုင်ထဲမှသူတို့အားလုံး ကိုယ့်နေရပ်အသီးသီးသို့ ပြန်လာခဲ့ကြသည်။

သူတို့ထိုင်ခဲ့သော နေရာမှာတော့ ရှုပ်ပွကျန်ရစ်လို့နေပါတော့သည်။

* * *

ငါတို့ စာပေ

www.burmeseclassic.com

www.burmeseclassic.com



# ထပ်မံဖွင့်ဆိုရှင်းလင်းချက်

အရက်ဆိုင်စောင့်
မမြစိမ်းရဲ့အကြောင်းက
အမှန်တော့ ဒီနေရာမှာ ဝတ္ထုက
အဆုံးသတ်ရမှာ ဖြစ်ပါတယ်။
ဒါပေမဲ့
လမ်း(၆)လမ်းစလုံးနဲ့ ပတ်သက်ပြီး
စိတ်ဝင်စားစရာကောင်းလှတဲ့ မမြစိမ်း
အကြောင်းကို ထပ်မံသိရှိရမအားလို့
နားစွင့်မိတော့
ဟောဒီလို နောက်ဆက်တွဲ ဇာတ်လမ်း
မျိုးတွေလာရပါတယ်။
တကယ့်ကို သံဝေဂရစရာ၊ ဆင်ခြင်
စရာတွေ ဖြစ်လာပါတယ်၊
ဒါ့အပြင် ရယ်မောမိလာရပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေး တစ်ဖက်တစ်ချက်တွင်
ဝါးပင်များပေါက်နေသည်။
ဟိုး ခပ်ဝေးဝေးတွင် ရေကန်
ကြီးရှိသည်။
ထိုကန်ကြီးသည် မိုးတွင်းအခါ
ဖားအော်သံများ ဆူညံပြီး ငါးများ ပွက်လော့ရှိသည်။
ထိုကန်ကြီးထဲမှာ ကလေးများ
ရေဆင်းကူးသဖြင့် ရေနစ်သေခဲ့ဖူးသည်။
ထို့ကြောင့် ခြံခတ်ထားရသည်။
ထို ဝါးပင်များပေါက်ရောက်ပြီး
တည်ရှိသော လမ်းကွေ့လေးသည်
ရပ်ကွက်နှစ်ခုကို ဆက်သွယ်ထားသည်။
လူကလည်း ညဆို အမြဲပြတ်သည်။
ထို့ကြောင့် ထိုကွေ့ကို
**'ခြောက်လင်ကွေ့'** ဟု ခေါ်ဝေါ်ကြပေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ခြောက်လင်ကွေ့ ဇာတ်လမ်းအစ

ထိုကွေ့က ယခင်တုန်းက ထိုနာမည်မတွင်သေးပါ။

ယခုလို လမ်းကွေ့အနီးအနားမှာ တဲအိမ်တွေလည်း မရှိသေး။

လမ်းဘေးဝဲယာမှာ ဝါးပင်ကြီးတွေသာ ရှိသဖြင့် ညအခါ သူကလည်း ပြတ်၊ ဝါးရွက်တွေကို လေတိုးလို့ မြည်သည့်အသံများကြောင့် တချို့က သရဲခြောက်သည်ဘာသည်ဟု စိတ်အထင်နှင့်ပြောသူများလည်း ရှိကြပါသည်။

ထိုလမ်းကွေ့ကို ကျေးဇူးတင်နေသူတွေက ရှိပါသည်။

ထိုသူတွေကတော့ သမီးရည်းစား စုံတွဲတွေပဲဖြစ်ပါသည်။ လူပြတ်တာ ညမှောင်တာကို အကြောင်းပြုပြီး ချိန်းချိန်းတွေ့ကြသည်။

သမီးရည်းစားအတွဲများအတွက်ကတော့ ထိုလမ်းကွေ့သည် အချစ်ဥယျာဉ်ပန်းခင်းကြီး ဖြစ်မှန်းမသိ ဖြစ်နေပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လင်ကွေ့-ဖြစ်ရပ်(၁)

ထိတွေ့သူဦးရေ (၂)ဦး

လင်ငင်းမြင်ရသူ (၁၅)ဦး

ကောလာဟလ ချဲ့ကားပြောသူ(တစ်ရပ်ကွက်လုံး)

ဖြစ်ပွားပုံ... အောက်ပါအတိုင်း...

*

ထိုညက... လကွယ်ညဖြစ်သဖြင့် မှောင်အတိကျနေသည်။

မိုးကလည်း ညဦးပိုင်းက ရွာထားသဖြင့် လမ်းကွေ့မှာ စွတ်စိုနေသည်။

ထို့ကြောင့် ယခင်ကတည်းက လူသွားလူလာမရှိသော လမ်းကွေ့လေးမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းအရသာကို အထီးကျန်စွာခံစားလို့နေပါသည်။

အချိန်မှာ ညကိုးနာရီခန့်တွင် အတွဲတစ်တွဲ ဝါးရုံပင်များရှိရာလမ်းကွေ့လေးသို့ ရောက်လာပါသည်။

နှစ်ဦးသား ဝါးရုံပင်များရှိရာဆီသို့ မျက်နှာမူပြီး မတ်တတ်ရပ် စကားပြောဆိုနေကြပါသည်။

စကားပြောဆိုနေရင်း ငြင်းလိုက်ခုံလိုက် ဒေါသတကြီး အော်ဟစ်ရန်ဖြစ်လိုက်နှင့် ဖြစ်လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကို ငါ ယုံမိတာ မှားပြီ'

'ငါ… မမှားဘူး'

'မှားတာပေါ့… ငါ့မှာ စက်ချုပ်လို့ရတဲ့ ငွေကို မသုံးမဖြုန်းဘဲ ငါတို့ဘဝနောင်ရေးအတွက် နင့်ဆီမှာအပ်ထားပြီး ငွေရတာကို နင့်အမေက နှစ်လုံးထိုးပစ်တယ်၊ ဒါဆို ဘယ်တော့မှ ငါတို့ မင်္ဂလာဆောင်ရမှာလဲ'

'တစ်နေ့ နေ့ပေါ့'

'ဘာ… ပြောတယ်'

'သြော်… နင်က ဒီစကားမျိုးပြောပြီပေါ့'

'ပြောတယ်ဟာ… ဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ'

'ကဲဟာ…'

'ဖြန်း…'

'နင်က ငါ့ကို ပါးရိုက်တယ်…'အသည်းနာလိုက်တာ၊ မိန်းမ တစ်ယောက်က ပါးရိုက်ရတယ်လို့'

'ငါက နင့်ပါးကျိုးအောင် ရိုက်ချင်တာ'

'အံမယ်… သိပ်သတ္တိရှိတယ်ပေါ့'

'ကဲဟာ…'

'ဟ… ငါ့ဆံပင်ကို မဆွဲနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဆွဲတယ်ဟာ…'

'လာကြပါဦး… ဒီမှာ ကျွန်မခံပင်ကို ဆွဲနေလို့'

တိတ်ဆိတ်ငြိမ်သက်နေသော လမ်းကွေ့လေးမှာ ဆူသံညံသံ များဖြင့် ညသည် အကျည်းတန်လို့ သွားပါသည်။

လက်နှိပ်ဓာတ်မီးအလင်းရောင်များက မထင်မှတ်ဘဲ ရန်ဖြစ် နေသူ သမီးရည်းစားနှစ်ယောက်ဆီသို့ စုပြုံရောက်လာပါသည်။

'ဟော့… ဘာဖြစ်တာလဲ… ရပ်စမ်း'

လက်နှိပ်ဓာတ်မီးထိုးသူများက ဗိုစုံတွဲကို ဝိုင်းထားလိုက်ပါ သည်။

ရပ်ကွက်လုံခြုံရေး ကင်းလှည့်သူများက ထိုနှစ်ယောက်ကို ရပ်ကွက်ရုံးသို့ ခေါ်သွားပါသည်။

ရပ်ကွက်ဥက္ကဋ္ဌက သက်ဆိုင်ရာမိဘများကို ခေါ်ခိုင်းပါသည်။

ယောကျ်ားလေးဘက်မှ ရေစက်(၂)လမ်းတွင် နေထိုင်သော မိဘများနှင့် မိန်းကလေးဘက်မှ ဖက်စပ် (၁)လမ်းတွင် နေထိုင်သော ဆွေမျိုးသားချင်းများ ရပ်ကွက်ရုံးသို့ ရောက်လာပါသည်။

ထို့နောက် ဝန်ခံကတိထိုးပြီး ပြန်လွှတ်လိုက်ပါသည်။

နောက်တစ်နေ့မှစ၍ ကောင်မလေးက နယ်သို့ပြန်သွားပြီး ကောင်လေးက ဒဂုံမြို့သစ်ရှိ ဦးလေး လက်ဖက်ရည်ဆိုင်မှာ အားပွဲထိုး သွားလုပ်ခြင်းဖြင့် ချစ်သူနှစ်ဦး အဝေးဆုံးသို့ အမှန်းဖြင့် လွင့်စင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။ ထိုဖြစ်စဉ်ကို မြင်သူရော မမြင်သူရော ပုံကြီးချဲ့ပြီး ပြောဆိုတုန်း ရှိပါသေးသည်။

*

ခြောက်လင်ကွေ့ ဖြစ်ရပ်(၂)

ပတ်သက်သူဦးရေ (၄)ဦး

လက်တလောမြင်ရသူ (၁)ဦးမြင်၊ (၂)ဦး နောက်မှမြင်

အဖြစ်ပျက်ပြီးမှထိတ်လန့်သူ (သတင်းကြားရသူအားလုံး)

ဖြစ်စဉ်အခြေအနေ (ပွဲချင်းပြီး)

*

ခါတိုင်းလိုပဲ...

သူတို့ သူငယ်ချင်းနှစ်ဦး ကိုယ့်ချစ်သူနှင့်ကိုယ် တစ်ပတ်မှာ ရောက်လောက်တော့ ဤလမ်းကွေ့မှာ ညစဉ်ချိန်းတွေ့နေကျဖြစ်သည်။

သူတို့စုံတွဲနှစ်တွဲက အခြားသော စုံတွဲများချိန်းတွေ့တာထက် ခြားတာ ရှိသည်။

ဤလမ်းကွေ့က မှောင်နေသဖြင့် မြေပါးကင်းပါး စိုးရိမ် ရြင်း လက်နှိပ်ဓာတ်မီးကိုယ်စီ ဆောင်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်နှိပ်ဓာတ်မီးက မကြာတော့မည့်အချိန်မှာ နိမိတ်
ကြီးတစ်ခုကြုံရမည်ကို မသိရေးချ မသိ။

ကျော်ဒွန်းက လက်ထဲမှ လက်နှိပ်ဓာတ်မီးကိုင်ထားရင်း
ချစ်သူ မသီတာမျက်နှာကို ညမှောင်မှောင်မှာ ကြည့်ဖြစ်အောင် ကြ
လိုက်သေးသည်။

တော်တော်လှသည့် မသီတာ။ မှောင်တာတောင် ပါးပြင်
သနပ်ခါး ပါးကွက်ကျားက အထင်းသားနှင့်ဖြစ်သည်။

လုံ့မြင့်နှင့်သင်းသင်းတို့ စုံတွဲကတော့ မလှမ်းမကမ်းမှာ အ
တွေ တိုင်ပင်နေသလဲမသိ။ ကျော်ဒွန်းက လက်ထဲမှာကိုင်ထားသေ
လက်နှိပ်ဓာတ်မီး ခလုပ်ကိုဖွင့်ပြီး ဝါးရုံပင်ဘက်ဆီသို့ ထိုးလိုက်သည်

'ကိုကျော်ဒွန်း… ဝါးပိုးမျှစ်ကြီး အကြီးကြီးပဲ… ခူးလိုက်…
ခူးလိုက်၊ အမေက ဝါးပိုးမျှစ်စားချင်တယ် ပြောတယ်'

ချစ်သူ မသီတာက ဓာတ်မီးအလင်းရောင်ဖြင့် မြင်နေရသည်
ဝါးရုံပင်ဆီသို့ ကြည့်ရင်းပြောလိုက်သည်။

ကျော်ဒွန်း သေသေချာချာ ကြည့်မိတော့ ဟုတ်ပါရဲ့။ ဝါး
မျှစ်ကြီးက ဝါးပင်ကြီးနှစ်ပင်ကြားမှာ ဝါးရွက်တွေဖုံးနေသဖြင့် သေ
ချာချာကြည့်မှ မြင်ရလို့ သူများတွေမသိတာဟု တွေးလိုက်သေးသည်

'ကိုယ်… သွားခူးလိုက်မယ်၊ ယောက္ခမကြီးအတွက်ပဲ ခ
လေး'



www.burmeseclassic.com

www.burmeseclassic.com



မသီတာ၏ အနီးအနားကနေ ကျော်ဒွန်းက ဝါးရုံပင်များရှိရာ သို့ သွားလိုက်သည်။ လက်ထဲမှာလည်း ကိုင်ထားသော ဘတ်နှိပ် ဓာတ်မီးကိုထိုးရင်း ဝါးရွက်များကိုဖယ်က မြင်နေရသော ဝါးပိုးမျှစ် ကြီးကို ချိုးဖဲ့လိုက်သည်။

'အား…'

ကျော်ဒွန်းအော်သံက ကျယ်လောင်သွားသဖြင့် မသီတာသာ မက ခပ်လှမ်းလှမ်းက လှမြင့်နှင့် သင်းသင်းတို့ပါ ထိတ်လန့်တကြား ဖြစ်သွားသည်။

'မြွေကိုက်တယ်… အား…'

'ကိုကျော်ဒွန်း… ကိုကျော်ဒွန်း…'

အဖြစ်အပျက်က မြန်ဆန်လှသည်။ တဒင်္ဂအတွင်းမှာဆိုသလို ဝါးရုံပင်နားမှာ ကျော်ဒွန်း ပုံလျက်သားကျနေသည်။

ကျန်ရှိနေသည့် သုံးဦးသား ဘာလုပ်ရမှန်းမသိ။

အော်ဟစ်အကူအညီတောင်းမလို့လုပ်တုန်း မိုးကရွာလာသည်။

အနီးအနားရှိ ပတ်ဝန်းကျင်ကို လှမြင့်က အော်ဟစ် အကူ အညီတောင်းလို့ လူအချို့ရောက်လာစဉ်မှာပဲ ကိုကျော်ဒွန်းက အသက်မဲ့ ခဲ့ချေပြီ။

ဝါးရုံပင်နားကို ဓာတ်မီးတွေဖြင့် ထိုးကြည့်တော့ ဝါးရုံပင် ဝါးပိုးမျှစ်များအနီးတွင် မြွေပွေးတစ်ကောင် ခွေနေသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမြွေပွေးကို ဝိုင်းရိုက်သတ်လိုက်ကြသည်။

ချစ်သူ ကျော်ဒွန်းမျက်စိရှေ့မှာတင် လျှပ်တစ်ပြက်အတွင်း ကွယ်လွန်သွားသည်ကို မသီတာမြင်ပြီး သတိလစ်မေ့မြောသွားပါတော့သည်။

မတော်ရသေးသည့် ယောက္ခမအတွက် ဝါးပိုးမျှစ်ကို ညကြီးမှောင်မှောင်လမ်းကွေ့မှာ ခူးပေးစဉ် မြွေပွေးကိုက်ခံသွားရသည့် ကျော်ဒွန်းအကြောင်းကတော့ ယနေ့တိုင် လွမ်းချင်လျှင် လွမ်းကောင်းတုန်း ဖြစ်ပါသည်။

* * *

ခြောက်လင်ကွေ့ဖြစ်ရပ် (၃)

ပတ်သက်သူဦးရေ (၂)ဦး

အဖြစ်အပျက်ကို ကိုယ်တိုင်တွေ့သူ (မရှိ)

ဖြစ်စဉ်အခြေအနေ (ဒဏ်ရာရ)

*

သူတို့...

နှစ်ယောက်အဖြစ်က နည်းနည်းတော့ ထူးခြားသည်။

မိန္ဒယ်က ဖခင်မရှိတော့သဖြင့် မိခင်နှင့် မောင်ငယ်လေးများကို လုပ်ကိုင်ကျွေးမွေးနေရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဝေလီဝေလင်းမှ စတင်ပြီး အရပ်ထဲ ပဲပြုတ်ရောင်းရသည်။ ပဲပြုတ်ရောင်းပြီးသွားပြီဆိုသည်နှင့် အရပ်ထဲ အဝတ်လှည့်လျှော်ရသည်။

နေ့လယ်ခင်းကျတော့ ဖရဲသီးစိတ်၊ နာနတ်သီး စသဖြင့်ရာသီစာ လှည့်ရောင်းရပြန်သည်။

ညနေခင်း တစ်ရေးတစ်မောအိပ်ကာ ညပိုင်းရောက်လျှင် အရပ်ထဲ မုန့်ဖက်ထုပ်လှည့်ရောင်းရပြန်သည်။

ထို့ကြောင့် မိနွယ်မှာ အပျိုဝိုဝိ နားရချိန်သိပ်မရှိ။ လည်ရပတ်ရချိန် မရှိဘဲ ဝမ်းရေးကိုဖြေရှင်းနေရသည်။

မိနွယ်မှာ ချစ်သူတော့ရှိသည်။ ချစ်သူဖြစ်သူကလည်း မိနွယ်ကို လက်လုပ်လက်စား ဖိုးထောင်ဆိုသူ ဖြစ်သည်။

သူ့ခမျာလည်း ဆိပ်ကမ်းမှာ ညပိုင်းဆိုက်ကားနင်းရသူဖြစ်သည်။ မနက်မိုးလင်းခါနီးမှ မြို့ထဲကနေ ရပ်ကွက်ကိုပြန်လာရသူဖြစ်သည်။

ထို့ကြောင့် ချစ်သူနှစ်ဦးမှာ တွေ့ချိန်ဆိုလို့ မိနွယ် မနက်ဝေလီဝေလင်း ပဲပြုတ်ရောင်းချိန်မှာပဲ ခဏတွေ့ခွင့်ရသည်။

ထို့ကြောင့် ရပ်ကွက်နှစ်ရပ်ကွက်ကို ဆက်သွယ်ထားသော လမ်းကွေ့ကလေးက သူတို့နှစ်ယောက် တွေ့နေကျနေရာပင်ဖြစ်သည်။

မိနွယ်ကလည်း ပဲပြုတ်အရပ်ထဲလှည့်ရောင်းဖို့ လမ်းကွေ့ကို



www.burmeseclassic.com

www.burmeseclassic.com



အဖြတ် ဖိုးထောင်ကလည်း မြို့ထဲမှာ ညှိုင်းကနေ့, ဆိုက်ကားနင်းပြီးသို့ မနက်အာရုဏ်တက် ရပ်ကွက်ကို လမ်းကွေ့လေးက ဖြတ်အပေးနစ်ယောက်သားအတွက် ဟန်ကျလို့နေသည်။

သနပ်ခါးအဖွေးသားနှင့် ပဲပြုတ်တောင်းခေါင်းရွက်ထားသော မိန္ဒယ်ကို မြင်လိုက်ရလျှင် ဖိုးထောင် ပင်ပန်းသမျှ အမောတွေပြေသလို မိန္ဒယ်အဖို့လည်း အိပ်ရေးမဝသည့်မျက်နှာနှင့် ဖိုးထောင်မျက်နှာကို မြင်လိုက်ရတာကိုက တစ်နေ့တာအတွက် အားတွေကို 'ချာချင်' သွင်းပေးလိုက်သလို ဖြစ်သွားပါသည်။

ဖြစ်ချင်တော့ ထိုနေ့က မိုးကလေးက တဖွဲဖွဲရွာနေသဖြင့် ခြောက်လင်ကွေ့လမ်း အကွေ့လေးမှာ မိုးရေစက်တွေကြောင့် လမ်းကချောနေသည်။ လမ်းကမြေသားတွေဆိုတော့ သတိမထားဘဲ လျှောက်လျှင် ချော်လဲဖို့များသည်။

ဖိုးထောင်က မြို့ထဲမှ အလုပ်သိမ်းပြန်လာကတည်းက မိုးရွာသဖြင့် မိုးကာအင်္ကျီကို ဝတ်ထားကာ လမ်းအကွေ့လေးရောက်သည့်အထိ မိုးကာအင်္ကျီကို မချွတ်ဘဲ ချစ်သူမိန္ဒယ်တစ်ယောက် ပဲပြုတ်တောင်းရွက်လာမည့်အချိန်ကို စောင့်မျှော်နေမိသည်။

'ဟောဒီက ပဲပြုတ်… ပဲပြုတ်…'

အဝေးကနေ ပဲပြုတ်ရောင်းသည့် အော်သံကို ကြားရသဖြင့် မိန္ဒယ်အသံမှန်း ဖိုးထောင် ကောင်းကောင်းသိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။ လမ်းအကွေ့လေးဆီသို့ ပဲပြုတ်တောင်းကို ရွက်နေသော မိန္ဒယ်၏ပုံရိပ်ကို လှမ်းမြင်နေရသည်။

လမ်းကချောချောမှာ ပဲပြုတ်တောင်း မနိုင့်တနိုင် ရွက်လာနေသော မိန္ဒယ်၏ မြင်ကွင်းကိုကြည့်ပြီး သနားသွားသည်။

'မိန္ဒယ်… ဖြည်းဖြည်းလာ… ပဲပြုတ်တောင်းကြီးနဲ့ လမ်းက ချောနေတယ်… လဲသွားဦးမယ်'

ချစ်သူဖိုးထောင် သတိပေးစကားသံက မနက်ဝေလီဝေလင်း အချိန်မှာ မိန္ဒယ်အဖို့တော့ ဘာနှင့်မှုမလဲနိုင်အောင် ကြည်နူးလို့နေမိပါသည်။

'နေ… နေ… မိန္ဒယ်၊ ငါ… တောင်းလာသယ်ပေးမယ်'

'နေပါ… ရပါတယ်၊ ဒီမှာလာနေပါပြီ'

'နေပါ လာပါမယ်'

ဖိုးထောင်က မိန္ဒယ်ရှိရာသို့ သွားလိုက်ပြီး ပဲပြုတ်တောင်းကို လှမ်းယူလိုက်သည်။

'ဟာ… ဖိနပ်က ချော… ချော်'

'ဗုန်း…'

'သွားပါပြီ… ပဲပြုတောင်းတော့ မှောက်ပါပြီ'

'အရင်းပြုတ်ပါပြီ'

နောက်ဆက်တွဲ ဝမ်းနည်း စကားသံတွေ ဆင့်ပွားထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာပါတော့သည်။ ဖြစ်ချင်တော့…

ဖိုးထောင်က ပဲပြုတ်တောင်းကို လှမ်းအယူ စီးလာသည့် ရာဘာဖိနပ်က လမ်းကချော်နေသဖြင့် ချော်ပြီးပဲပြုတ်တောင်းကိုင် ရင်းက လဲကျသွားပါသည်။

ပဲပြုတ်တောင်းကိုင်ထားသော အရှိန်ကြောင့် ညာဘက်လက် က မြေပြင်နှင့်ထောက်မိပြီး လက်ကျိုးသွားပါတော့သည်။

မနက်ဝေလီဝေလင်းသည်ကား အကျည်းတန်ဆန်လွန်းသွား ပါသည်။

မြေပြင်မှာ တစ်စစီပြန့်ကျဲနေသော ပဲပြုတ်တွေကိုကြည့်ရင်း မိန္နယ်၏ မျက်ရည်တွေက မိုးရေစက်တွေနှင့်အတူ အပြိုင်လို့ ပြောရ ပါလိမ့်မည်။

လက်ကျိုးရင်း နာကျင်နေသော ဖိုးထောင်ခမျာလည်း အံကြိတ် အော်ရုံကလွဲလို့ ဘာမျှ မတတ်နိုင်။

ဒါ… ခြောက်လင်ကွေ့မှာ တကယ်ဖြစ်ခဲ့တာပါ။

အထက်ပါ ဖော်ပြချက်များက ခြောက်လင်ကွေ့မှ ဖြစ်စဉ် အချို့ကို ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

'ခြောက်လင်ကွေ့' လို့ အမည်တွင်ခဲ့တာကတော့…

* * *



www.burmeseclassic.com

www.burmeseclassic.com



## ခြောက်လင်ကျေး အမည်တွင်လာပုံ

ဤလမ်းကွေ့က ရပ်ကွက်နှစ်ကွက်ကို ဖြတ်ဖောက်ထားသော လမ်းကွေ့လေးဖြစ်သည်။

ထိုကွေ့လေးမှာ ချစ်သူသမီးရည်းစားများ ချိန်းတွေ့တိုင်း ပြဿနာတစ်ခုမဟုတ် တစ်ခုဖြစ်ပွားလေ့ရှိသည်။

ထိုကွေ့နားမှာ လူနေအိမ်ခြေတွေ နှစ်အနည်းငယ်အတွင်း အလျှိုလျှိုပေါ်လာကြသည်။

ထူးခြားမှုက ထိုလမ်းကွေ့လေးအနီးအနားမှာ လာရောက်အခြေကျနေထိုင်သူ မတင်ရီဖြစ်သည်။

လုံးကြီးပေါက်လှ မတင်ရီက ယောက်ျားကံမကောင်းဘူးလားမသိ။ ယောက်ျားတစ်ယောက် ယူလိုက် အိမ်ထောင်ရေး အဆင်မပြေသို့ ကွဲလိုက်နှင့် နောက်ဆုံးယောက်ျားခြောက်ယောက် ယူသည်အထိ အိမ်ထောင်ရေးက အဆင်မပြေ။ နောက်ဆုံးယောက်ျားခြောက်ယောက် ကွဲပြီးမှ အိမ်ထောင်ရေးကို စိတ်ကုန်သွားပြီး စစ်ကိုင်းမှာ မယ်သီလရှင် အဖြစ်ဝတ်ရင်း တရားမွေ့ရိပ်သို့ ခိုဝင်သွားသည်။

ထို့ကြောင့် ထိုလမ်းကွေ့နားမှာ နေထိုင်ပြီး ယောက်ျားခြောက်ယောက် ယူခဲ့သော မတင်ရီကို အစွဲပြုပြီး မည်သူက 'ခြောက်လင်ကွေ့' ဟု ထိုလမ်းကွေ့ကို နာမည်ပေးခဲ့သလဲ မသိ။ ယနေ့တိုင် ထို



www.burmeseclassic.com

www.burmeseclassic.com



နာမည်က တွင်နေပေတော့သည်။

ထို့အပြင် 'ခြောက်လင်ကွေ့'မှာ သမီးရည်းစား ချိန်းမတွေ့နှင့် ချိန်းတွေ့ပါက ရည်စားကွဲတတ်သည် ဆိုသည့် ပါးစပ်စကားတွေက လည်း အရပ်ထဲမှာ ယနေ့တိုင် ပျံ့နှံ့ဆဲရှိနေပါသေးသည်။

* * *

## ခြောက်လင်ကွေ့ လွှမ်းပုံပြင်

ကောင်းကင်မှာ မိုးသားတိမ်ရိပ်တွေက အုံ့မှိုင်းနေသည်။

မသည်းမြတစ်ယောက် မှောင်မှောင်မည်းမည်းမှာ အဝတ် အစားအိတ်နှင့် ဤခြောက်လင်ကွေ့မှာ တစ်ယောက်တည်းရှိနေရင်း တစ်စုံတစ်ယောက်ကို မျှော်နေရတာ နည်းနည်းတော့ ကြောက်ချင်ချင် တော့ ဖြစ်လာသည်။

သည်ည ချစ်သူဖြစ်သူ ကိုထွန်းလင်းကို သူမအား ခိုးဖို့ ဤနေရာတွင် ချိန်းဆိုထားလို့ဖြစ်သည်။

ယခုချိန်ထိ ကိုထွန်းလင်းက မရောက်လာသေး။ အိမ်ကိုပြန် လို့ကလည်း မဖြစ်။

အိမ်မှာ ခိုးရာလိုက်မည့်အကြောင်းကို စာရေးထားခဲ့ပြီးပြီ ဖြစ်သည်။ အဖေလုပ်သူ အဘိဓမ္မာ ဘုရားကိုးဆူဆရာ ဦးဒါကျော် အကြောင်းစုံသိလို့ကတော့ ဒေါသပေါက်ကွဲမှာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com


သူ့ရန်သူတော် ဦးရှင်ကြီးတင်သည့် ဦးမြစိန်၏ သားနှင့်မှ ချစ်သူဖြစ်ပြီး နိုးရာလိုက်ရပါ့မလားဆိုပြီး တွေးရင်းက သူမကို သတ်ပစ်ချင်လောက်အောင် ဖြစ်နေမှာ သေချာသည်။

လေကလည်း အခုမှ နည်းနည်းတိုက်လာသည်။ ပြောမည့်သာ ပြောတာ သက်ဆိုင်ရာက ဒီရက်မှာ မုန်တိုင်းတိုက်ခတ်နိုင်သည်ဟု ကြေညာထားသည်။

ဟော… ခြေသံတရှပ်ရှပ်ကြားရသည်။

သေချာပါသည်။ ချစ်သူကိုထွန်းလင်း၏ ခြေသံဆိုတာ။ အထုပ်တစ်ထုပ်ကို လက်ဆွဲထားသော ကိုထွန်းလင်းတစ်ယောက် သူမရှိရာသို့ ခပ်သုတ်သုတ်လာနေသည်ကို မြင်နေရသည်။

'ကြာလိုက်တာ ကိုထွန်းလင်းရာ… သည်းမြ ကြောက်လိုက်တာ ဆိုတာ'

ရောက်ရောက်ချင်းဆိုသလို မသည်းမြက အပြစ်တင်စကားဆိုပါသည်။

'မကြောက်ပါနဲ့ သည်းမြရယ်၊ ကိုယ် ရောက်လာပြီပဲ… ပိုက်ဆံချေးနေရလို့ပါ'

'ကိုထွန်းလင်းကလည်း ချိန်းစရာရှားလို့၊ ဒီနေရာချိန်းရတယ်လို့၊ သည်းမြမှာ အိမ်က အဖေအိပ်မယ့်အချိန်စောင့်ပြီး မနည်းထွက်လာရတာ'


www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ သည်းမြရယ်… ဒါမှ ကိုယ်တို့ခိုးပြေးတာ လူမသိမှာပေါ့… ဒီနေရာကို ဘယ်သူမှ ကိုယ်တို့ဒီလိုရှိလိမ့်မယ်လို့ ထင်မှာ မဟုတ်ဘူး'

'ဒါဆိုလည်း သွားမယ်၊ မုန်တိုင်းကျမယ်လို့ သတင်းတွေ ထုတ်ထားတာ'

'မကျပါဘူး သည်းမြရယ်… ကြည့်ပါလား၊ ရန်ကုန်မှာ ဘယ်နှခါ မုန်တိုင်းကျဖူးလို့လဲ'

ချစ်သူ့သည်းမြ၏လက်ကို တစ်ဖက်က ဆွဲကာချထားသော အိတ်ကို ထွန်းလင်းက မ,လိုက်သည်။ ခပ်သုတ်သုတ်သွားမှ ဖြစ်မည်ဟု။ တော်ကြာ ရန်သူတော်မိဘတွေ ရိပ်မိလျှင် ပြဿနာတွေက ရှုပ်သွားနိုင်သည်။

ထိုအချိန်မှာပဲ မီးရောင်တွေ တဖျပ်ဖျပ်ထိုးကာ သူတို့နှစ်ယောက်ရှိရာသို့ လာနေကြသည်ကို မြင်လိုက်ရသည်။

'သည်းမြ… အမိုက်မ'

'ထွန်းလင်း… မိုက်တဲ့အကောင်'

ချစ်သူနှစ်ဦးသား ဘာလုပ်ရမှန်းမသိ ခိုးပြေးမည့်ကိစ္စ မိဘတွေ ဘယ်လိုဖြစ်လို့ ပေါက်ကြားကုန်သိကုန်ကြသလဲမသိ။

'သမီး… နင် မိုက်တယ်… နင့်ရုပ် နင့်ရည်နဲ့… ဒီကောင်နဲ့ တူသလား တန်သလား… လာ… ပြန်လိုက်ခဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ချက်ကြီးနဲ့၊ သာဂိ… သည်းမြကို ခေါ်စမ်း'

ဦးဘကျော်က လက်နှိပ်ဓာတ်မီးကို ဇွေ့ပြရင်းမှ တပည့်ကျော်နှစ်ယောက်ကို အမိန့်ပေးပါသည်။

'တော်သေးတာပေါ့ သားရယ်၊ ဟောဒီက မမြစိမ်းက မင်းမိန်းမခိုးမယ့်အကြောင်း ငါ့ကို ပြောပြလို့၊ ဒါနဲ့ ဦးဘကျော်အိမ်ဘက်လိုက်လာတာ… မင်းနဲ့ကွာ ယူစရာရှားလို့… လာပြန်လိုက်ခဲ့'

ဦးမြစိန်ကလည်း မောင်ထွန်းလင်းကို အတင်းလက်ဆွဲခေါ်ပါတော့သည်။

'ဩော်… မမြစိမ်း… ခင်ဗျားဗျာ၊ ဘယ်သူမှ မပြောပါနဲ့ဆိုတာ'

'ပြောရမယ်ဟဲ့… အဲဒီ ဦးဘကျော်က တစ်ခါတုန်းက ဦးရှင်ကြီးတင်တုန်းက ငါ့ကိုစော်ကား မော်ကားပြောခဲ့တာ… ငါမမေ့ဘူး၊ နင်တို့ချစ်ခြင်းကို ခွဲရမယ်'

အရက်ဆိုင်စောင့် မမြစိမ်းက ထွန်းလင်းအား အောင်နိုင်သူအပြုံးမျိုးဖြင့် ပြောလိုက်သည်။

'သမီး မလိုက်ဘူး… လက်ကို မဆွဲနဲ့'

'အဖေ… ကျွန်တော် မလိုက်ဘူးနော်'

'သည်းမြ… ငါ… လက်ပါတော့မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'မောင်ထွန်းလင်း… မင်းအဖေ ငါ ပြောနေတယ်၊ လာ… ပြန်လိုက်ခဲ့'

'ထွန်းလင်း… ဦးလေး စကားကို နားထောင်စမ်းပါ'

'ဆရာ… သည်းမြဲက ရှန်းနေတယ်၊ မလိုက်ဘူး'

'သည်းမြဲ… ငါ… လက်ပါတော့မယ်နော်'

'အဖေ… သတ်မလား၊ သတ်လေ'

ခြောက်လင်ကွေ့ လမ်းပေါ်မှာတော့ စကားသံတွေက ညှဉ့်နက်ခါနီးအချိန်မှာ ဆူညံဝရုန်းသုန်းကား ဖြစ်နေပါတော့သည်။

ထိုအချိန်မှာပဲ လေတွေက တရစပ်တိုက်ခတ်လာပါသည်။ တစ်စထက်တစ်စ ဆိုသလို လေအရှိန်က ပြင်းထန်လာပြီး ဝါးပင်မှ ဝါးရွက်များကို လေတိုးသံများနှင့် အနီးအနားရှိ သစ်ပင်ကြီးတွေမှ လေတိုးသံတွေက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်လာပါသည်။

'သမီး… လာ… မုန်တိုင်းကျပြီထင်တယ်'

'သား… လာ… တီဗွီက ညကတောင် သတင်း ကြေညာချက် ထုတ်ထားတယ်၊ မုန်တိုင်း ထင်တယ်'

လေတွေတိုက်နေသည့် ကြားကနေ မိဘတွေက အပြိုင်ခေါ်နေပါသည်။ လေတွေကလည်း အဆက်မပြတ် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိုက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အစုနှင့်ကိုယ် လေမုန်တိုင်းကျနေစဉ်မှာ ကိုယ့်အိမ်သို့ ကိုယ်ရောက်အောင် ရင်တထိတ်ထိတ် သက်စွန့်ဆံဖျားနှင့် ပြန်လာခဲ့ပါသည်။ လမ်းတစ်လျှောက်မှာတော့ သွပ်ပြားတွေက လေမှာဝဲပျံတာ အပိုင်းအစများက လမ်းတွေပေါ်မှာ မြင်မကောင်းအောင် ပြန့်ကြဲနေပါတော့သည်။

မသည်းမြနှင့် မောင်ထွန်းလင်းတို့နှစ်ယောက်မှာတော့ ညဦးနက်ပိုင်းကာလ အဖြစ်အပျက်ကို ခံစားနေဖို့ အချိန်မရ။

ကိုယ့်အိမ်မှာ ကိုယ်နေရင်းက မနက်မိုးလင်းသည်အထိ ကြောက်ရွံ့ခြင်းများစွာဖြင့် မုန်တိုင်းမြန်မြန်ငြိမ်းပါစေဟု ဘုရားစင်ဘက် သက်အုပ်ချီ မျက်နှာမူရင်း အကြိမ်ကြိမ်ဆုတောင်းနေကြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်း

လမ်းတွေ လမ်းမတွေပေါ်မှာ အပျက်အစီးတွေက မြင်မကောင်းအောင် ဖြစ်နေပါသည်။ သစ်ပင်ကြီးတွေ လဲပြို၊ ဓာတ်တိုင်တွေ လဲကျ၊ လမ်းတွေမှာလည်း ရေတွေကအပြည့်။ လူတွေကလည်း ပျက်စီးသွားသော ကိုယ့်အိမ်ကိုယ့်ရာတွေကိုကြည့်ရင်း ဝမ်းနည်းခြင်းများစွာ ခံစားနေရသည်။

'ကိုဘကျော်… ဆန်နဲ့ ကန်စွန်းရွက်တွေပါလား'

'ဟုတ်တယ် ကိုမြစိန်၊ ခင်ဗျားရော… ဆန်ဝယ်ပြန်လာတာလား'

'ဟုတ်တယ်… အိမ်ကတော့ သွပ်တွေ အကုန်လန်သွားပြီ'

'ကျွန်တော်အိမ်လည်း ဒီအတိုင်းပါပဲ'

'နာဂစ်မုန်တိုင်းတဲ့ဗျာ… ကျွန်တော်တို့ ရန်ကုန်မှာတောင် ဒီလောက်ဆိုးတာ၊ နယ်မှာဆို ဘယ်လိုဖြစ်ဦးမလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ… လူတွေ သဘောပျက်စီးကြရင်တော့ ဒုက္ခပဲ၊ ကျွန်တော်တို့ ဖြစ်တာက သိပ်မဟုတ်ပါဘူး၊ မေတ္တာမို့ပေးရမှာပဲဗျာ'

'သွပ်တွေပြန်ဝယ်ဖို့ လုပ်ရဦးမယ်ဗျာ၊ ကိုယ်တွေလို့ပဲဆိုကိုမြစိန်ရေ သွပ်ဈေး၊ သံဈေးတွေက မလွယ်ဘူး'

'ကိုဘကျော်… လက်သမားတွေလည်း ဈေးကောင်းမှာ၊ ဒီတော့ ကျွန်တော့်လမ်းထဲက လက်သမား ခင်ဗျားအိမ်ပြန်ပြင်မယ်ဆို လွှတ်ပေးမယ်လေ၊ ကိုယ်က အရင်ဦးအောင်ခေါ်မှ'

'ကျေးဇူးပါပဲဗျာ… စားရေးငြိမ်းတယ်ဆိုပေမယ့် နေရေးကရှိသေးတယ်၊ သွားပြီဗျို့… အိမ်အမိုးက ပွင့်နေတာ၊ တာလပတ်အုပ်ရဦးမယ်၊ တစ်အိမ်လုံး ရွှဲနေပြီ'

'သွား… သွား… ကြည့်လဲသွားဦးနော်၊ ဘာတွေ ညာတွေ ဆူးဦးမယ်'

မိုးထဲရေထဲမှာ နှစ်ယောက်သား ဆန်ထုပ်လေးတွေကိုယ်စီဖြင့် ထမ်းခွဲလိုက်ကြပါသည်။ မိုးကတော့ ရွာဆဲပင်ဖြစ်သည်။ အပျက်အဆီးတွေကတော့ မိုးရေထဲမှာ အကျည်းတန်လှပေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံမှာတော့ သဘာဝ ပတ်ဝန်းကျင်ဘေးအန္တရာယ်က လူသားချင်း စာနာစိတ်ဖြစ်ကာ ရန်သူကနေ မိတ်ဆွေတွေဖြစ်သွားတာကတော့ ဦးဘကျော်နှင့် ဦးမြစိန်ကို ကြည့်ပြီး သင်ခန်းစာယူဖို့ကောင်းလှပါသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


နဂါးစ်ပုန်တိုင်းဖြစ်သွားပြီး
နှစ်လအကြာမှာတော့ ရပ်ကွက်ထဲမှာ
မောင်ထွန်းလင်းနှင့် မသည်းမြ
တို့၏ မင်္ဂလာပွဲကို
အကျဉ်းရုံးပြီး ကျင်းပခဲ့ပါသည်။
သတို့သား၊ သတို့သမီးနှစ်ဦးကတော့
'နဂါးစ်'ကို ကျေးဇူးများ
တင်နေမလား မသိပါ။
သူတို့ ဘဝမှာတော့ စာကယ့်ကို
အမှတ်တရ ဖြစ်နေမှာက အမှန်ပင်
ဖြစ်ပါသည်။

BURMESE CLASSIC


www.burmeseclassic.com

www.burmeseclassic.com



မည်သူတွေ မည်မျှဖြစ်စေကာမူ
မမြစိမ်းတစ်ယောက်ကျုပြန်တော့လည်း
ယခင်ပြုမြဲအတိုင်း
အရက်ဆိုင်ကို
ညဖက်စောင့်လျက်ပင်
ရှိပါသေးသည်။

BURMESE CLASSIC

ပဥ္စမံဒီရိုင်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၁

ဓနု ကြပ်ကလေး ရေနဝင်းမြင့်
ညီထွန်းဆွေ ပိုင်စိုးပေ ယက်ငြိမ်းဆေ
မိုးဆက်လင်းထက် ကိုကိုရွှေကြီး ကျော်ဝင်းသန့်
နောင်နော်နော် အေဘွေးဟောင်းဖြူး ဗုဒ္ဓ ဇော်ဆိုင်




BURMESE CLASSIC
www.burmeseclassic.com